မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ၂၀၀၈ခုနှစ်၊ မတ် ၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၈)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၈၊ ၉ ရက် (၂၀၀၈ ခုနှစ် မတ် ၁၄၊ ၁၅ရက်) သောကြာ၊ စနေနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၄ ရက်(၂၀၀၈ ခုနှစ် မတ် ၁၀ ရက်)တနင်္လာနေ့တွင်လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၁၊ ၁၂၊ ၁၃ရက် (၂၀၀၈ခုနှစ် မတ် ၁၇၊ ၁၈၊ ၁၉ ရက်) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်(၂၀၀၈ ခုနှစ် မတ် ၁၆ ရက်) တနင်္ဂနွေနေ့တွင် လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်နေ့(၂၀၀၈ခုနှစ် မတ် ၂၁ ရက်)သောကြာနေ့တွင် ကျင်းပမည်ဖြစ်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရမည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများသည် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၃ ရက် (၂၀၀၈ ခုနှစ် မတ် ၁၉ ရက်) ဗုဒ္ဓဟူးနေ့အစား ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် (၂၀၀၈ ခုနှစ် မတ် ၁၈ ရက်) အင်္ဂါနေ့တွင် လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်ကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိုးလေဝသ အခြေအနေ
၆-၃-၂၀၀၈

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး ဆွေးနွေးမှာကြား

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာတွင် တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(လယ်ယာ/ဆည်မြောင်း)

နေပြည်တော် မတ် ၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအနီးရှိ တောင်သူဦးစိန်ဝင်း၏ မတ်ပဲနှင့် ဆီထွက်နေကြာ သီးညှပ်စိုက်ခင်းများကို ကြည့်ရှုပြီး တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ ဝန်ကြီးက သီးနှံအထွက်တိုးရေး နည်းလမ်းများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးက အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြစိုက်ခင်းများကို အတုယူ၍ တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ခင်းကျင်းပြသထားသည့် စပါးအပြီး ဒုတိယတစ်သီး ပြန်လည်စိုက်ပျိုးနိုင်သည့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် မျိုးသန့် အထွက်ကောင်းမျိုးနမူနာများကို ကြည့်ရှုကာ ဝန်ကြီးက ဧရာဝတီတိုင်းတွင် စိုက်ပျိုးသင့်သည့် မျိုးများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တောင်သူဦးစိန်ဝင်း၏ ပုလဲထွန်းမတ်ပဲနှင့် ဆန်ဖိုလာ ဆီထွက်နေကြာသီးညှပ်စိုက်ခင်းကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၆ ရက်)

အရည်အသွေးကောင်း လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွက်ရေး အသိပညာ၊ အတတ်ပညာများ တိုးမြှင့်သင်ကြားလေ့ကျင့်ပေး

နိုင်ငံတော်က ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးစသည့် အခြေခံကောင်းများကို နိုင်ငံတစ်ဝန်း ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။ ယခုအခါ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ရရှိခံစားနေကြရပြီ ဖြစ်သည်။

တိုင်းရင်းသားပြည်သူများ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ရောဂါကုသပေးခြင်းအပြင် ပညာပေးခြင်းနှင့် ကြိုတင်ကာကွယ် တားဆီးခြင်းလုပ်ငန်းများကို နားလည်သဘောပေါက်စေရန် ကျေးလက်ဒေသအထိ ကွင်းဆင်းစည်းရုံး ပညာပေးလျက်ရှိသည်။

ပညာရေးကဏ္ဍတွင်လည်း အမျိုးသားပညာရည် မြင့်မားရေးအတွက် နိုင်ငံတော်ကအလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။ ဆရာ ဆရာမများ၏ အရည်အသွေးနှင့် သင်ကြားမှုသည် ကျောင်းသားကျောင်းသူများ၏ သင်ကြားမှုရလဒ်ကောင်းများ ပေါ်ထွက်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သည်။ အရည်အသွေးမြင့် ဆရာဆရာမများ ဖြစ်လာစေရေး စဉ်ဆက်မပြတ် လေ့ကျင့်သင်ယူနေကြရမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကြိုးစားအားထုတ်မှုတို့ကို ဖော်ထုတ်သင်ကြားပေးလျက်ရှိရာ ပညာရပ်အလိုက် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့် ဒေသအကျိုးအတွက် ထိုက်တန်သည့် နိုင်ငံ့သားကောင်းအရည်အသွေး၊ စည်းကမ်းနှင့် လူမှုကျင့်ဝတ်တို့ကို လေးစားလိုက်နာတတ်ရေးနှင့် အမျိုးသားရေးဂုဏ်သိက္ခာ ထိန်းသိမ်းမှု အလေ့အကျင့်ကောင်းများ တိုးပွားရေး ဆရာ ဆရာမများက လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်သည်။

ဆရာ ဆရာမများက အသိပညာ၊ အတတ်ပညာများ တိုးမြှင့်သင်ကြား လေ့ကျင့်ပေးခြင်းဖြင့် အရည်အသွေးကောင်း၊ စိတ်ဓာတ်ကောင်းများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ်-၃၅၊ ၂၇လမ်း ပန်းဆိုးတန်း ၈၆/၈၇ကြား မန္တလေးမြို့နေ (ဦးအေး)-ဒေါ်ခင်စု၊ သားသမီး၊မြေးမြစ်တစ်စုက အလှူငွေကျပ် တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မနောရမ္မ နွေရာသီပညာဒါန

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း(ရှမ်းလမ်း) မြို့နယ်တရားရုံးအနောက် အရှေ့ဥယျာဉ်တိုက်ရှိ မနောရမ္မပညာဒါနကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဝါယမိန္ဒကြီးမှူး၍ ဆရာဆရာမများက နွေရာသီပညာဒါနအဖြစ် သင်ကြားပို့ချပေးမည့် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်း ကျောင်းသားကျောင်းသူများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်အခြေခံအင်္ဂလိပ်၊ တရုတ်စကားပြောသင်တန်းများကို မတ်၁၀ရက်(တနင်္လာနေ့) တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ တက်ရောက်သင်ယူလိုသူများသည် အဆိုပါ မနောရမ္မပညာဒါနကျောင်း ဖုန်း-၅၃၇၀၂၆ နှင့် ၅၁၈၀၂၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်း မြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိငါးထပ်ကြီးကျောင်းတိုက် ဒေါနခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီမနောရမလေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဒေါ်ရွှေခင်၊ သမီး ဒေါ်မြသန်း၊ သား ဦးစိန်မင်းမိသားစု အမှတ် ၁၇ ဇဋိလလမ်း တာမွေမြို့နယ် ရန်ကုန်မြို့က အလှူငွေကျပ်သုံးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၅

(၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဗဟိုစည်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က အဆိုပါ မုခ်ဦးရှေ့တွင် ကျင်းပရာ ကသာခရိုင် ခရိုင်ရဲမှူး ခင်မောင်ဌေး တက်ရောက်ချီးမြှင့်ပြီး ကတ္တရာလမ်းသစ်အား အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် အမှတ်(၂) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်ကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် မတ် ၅

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစ်ပြကျေးရွာ မြို့ရိုးဘုရားကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၃၀၃)ရိပ်သာတွင် (၁၃၆၉ခုနှစ် တပေါင်းလဆန်း ၅ရက်မှ ၁၄ရက်) မတ် ၁၁ရက်မှ ၂၀ရက်အထိ ၁၀ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။ တောင်ငူမြို့ ဓမ္မရက္ခိတ စွယ်တော်ကျောင်း ဆရာတော် ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဦးဝိလာသဂ္ဂက အလုပ်ပေး ဝိပဿနာတရားတော်များ ဟောကြားချီးမြှင့်မည် ဖြစ်သည်။

မြို့ရိုးဘုရားကုန်းတွင် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၃၀၃)မှ ဓမ္မာရုံဆောက်လုပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုပါက ဗိုလ်ကြီးလှဝင်း(ငြိမ်း) ဖုန်း-၇၂၆၂၆၄နှင့် ၀၉-၅၀-၁၃၇၄၄တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေငါး-ရွှေနဒီ ဓမ္မသဘင်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ ဖောင်စကြာ ဘုရားဝင်း ဇေယျာသုခဓမ္မာရုံ၌ မတ် ၉ရက်တွင် အရှင်ဣန္ဒက (တွံတေး၊ ဓမ္မကထိက ဗဟုဇနဟိတရေ)၊ ၁၀ရက်တွင် ဒေါက်တာ ကိတ္တိဗလ (ပါမောက္ခဌာနမှူး၊ စစ်ကိုင်းကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်) အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၆-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၂၈)
၆:၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၄။	လျှို့ပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၄၃)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသ သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၃၉)

အထက(၄) လှိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၅

အထက(၄)လှိုင် ယခင် အလက(၂)လှိုင် ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန် တက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် မနွယ်နွယ်မင်း ဖုန်း-၀၉-၅၁-၁၆၃၀၃၊ ၅၄၆၅၃၃၊ မစံပယ် ဖုန်း-၀၁-၆၅၁၉၇၉၊ မဆွေဆွေဝင်း ဖုန်း-၀၁-၅၁၃၇၇၈၊ ကိုရှူဦး ဖုန်း-၀၉-၅၀-၀၉၇၇၆၊ ကိုမိုးအောင် ဖုန်း-၀၉-၈၀-၃၀၇၄၀၊ ကိုကိုနိုင် ဖုန်း-၀၉-၅၁-၅၈၁၂၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၁၇ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဓမ္မသိဒ္ဓိကလိုင်ထော် စေတီတော်အတွက်မင်္ဂလာဒုံမြို့နယ် ပညာရေး မိသားစုများ ကိုယ်စား အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မေသိန်းက အလှူငွေကျပ် ၄၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကိုတိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

ဒီမိုကရေစီလိုချင်လျှင်

မဟာသမ္မန်

နိုင်ငံတော်အစိုးရက လာမည့်မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အခြေခံဥပဒေကို အတည်ပြုမည်ဟု ကြေညာလိုက်သောအခါ ဝေဖန်သံများ ထွက်လာသည်။ ဆန့်ကျင်လှုံ့ဆော်သံတချို့ကြားလာရသည်။ မဲသွားမပေးနဲ့ဟု တိုက်တွန်းသူက တိုက်တွန်းသည်။ ထောက်ခံမဲ မပေးနဲ့၊ ကန့်ကွက်လိုက်ဟု လှုံ့ဆော်သူက လှုံ့ဆော်သည်။ အကျိုးရှိက အကြောင်းရှိလာလိမ့်မည်။ သက်ရောက်မှုတိုင်းအတွက် တန်ပြန်သက်ရောက်မှု ရှိသည်။

NLD ကလည်း ပြည်သူလူထုအနေဖြင့် မဲမပေးဖို့ လှုံ့ဆော်နေကြောင်းတွေ့ရသည်။ အမျိုးသားညီလာခံ စတင်စဉ်က NLD လည်းပါခဲ့သည်ပင်။ NLD နုတ်ထွက်သွားစဉ်အထိ ဆုံးဖြတ်ချမှတ်ထားနိုင်ခဲ့သော အခြေခံမူများမှာ NLD ကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့ခြင်းပင်။ ယခုတော့ မဲမပေးနှင့်ဟု ပြောလာသည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသေဆုပ်ကိုင်ထားသည်။ လွှတ်တော်ကို ဖွတ်ခေါ်ဖို့လည်း ယခင်က လုပ်ခဲ့သည်။ ၉၀ ရွေးကောက်ပွဲ အတည်ပြု၊ လွှတ်တော်ခေါ်၊ NLD က အစိုးရဖွဲ့ဟူသော လမ်းစဉ်မှာ မဖြစ်နိုင်တော့သော စိတ်ကူးယဉ်လမ်းစဉ်ဖြစ်နေပေသည်။ ထိုစဉ်က လွှတ်တော်ကိုယ်စားလှယ်ပင် မည်မျှကျန်သနည်း။ သေဆုံးသူနှင့် ပြည်ပြေးဖြစ်သွားသူတွေကို နုတ်လိုက်လျှင် အလွန်ပင်နည်းနေပေပြီ။

စင်စစ် အရှိတရားဖြင့် ဒီမိုကရေစီရရှိရေးကို ကြိုးစားသင့်လှသည်။ အသက် ၁၈နှစ်ပြည့်သူတိုင်း မဲပေးခွင့်ရှိသည်။ မဲပေးခွင့်ရှိပါလျက်နှင့် မဲသွားမပေးလျှင် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဆုံးရှုံးပေတော့မည်။ မဲတော့ပေးပါရဲ့ ထောက်ခံမဲ မပေးဘဲနှင့် ကန့်ကွက်မဲ ပေးလိုက်လျှင် ဘာဖြစ်သွားမည်နည်း။ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာထားရာ မေလတွင် အခြေခံဥပဒေ အတည်မပြုနိုင်ပါက ရွေးကောက်ပွဲလည်း အချိန်မီကျင်းပနိုင်မည်မဟုတ်။ သို့ဆိုလျှင် ဒီမိုကရေစီသည်လည်း ရဖို့ဝေးသထက် ဝေးပေဦးတော့မည်။

ဒီမိုကရေစီရရှိရေးအတွက် အခိုင်မာဆုံး ပြဋ္ဌာန်းပေးနိုင်သည်မှာ အခြေခံဥပဒေပင်ဖြစ်သည်။ အခြေခံဥပဒေသည်သာလျှင် ဒီမိုကရေစီအတွက် အရေးအကြီးဆုံးအာမခံချက်ကြီးဖြစ်သည်။ အခြေခံဥပဒေမရှိဘဲနှင့်တော့ ပြည်သူတို့ လိုချင်ပါသည်ဆိုသော ဒီမိုကရေစီ မရရှိနိုင်ပေ။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေတစ်ရပ်မှာ မလွဲမသွေ လိုအပ်မြဲပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ်က နယ်ချဲ့လက်အောက်၌ ရေးဆွဲခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ပြည်ထောင်စုပါ ပြိုကွဲလုလုဖြစ်စေသည်အထိ ချို့ယွင်းချက်တွေ များပြားလှသောကြောင့် ၁၉၆၂ ခုနှစ်တွင် ဆိတ်သုဉ်း ပျက်ပြားသွားခဲ့ရသည်။ ယခုတိုင် ထိုဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်အသက်သွင်းရန် ပြည်ပမှနေ၍ ကြိုးစားနေသူတစ်ယောက်စ၊ နှစ်ယောက်စမှာ ခွဲထွက်ရေးသမားများသာ ဖြစ်သည်။ ထိုဖွဲ့စည်းပုံ အခြေခံဥပဒေမှာ မီးရှို့သင်္ဂြိုဟ်ပြီးပေပြီ။

ပြန်လည်တမ်းတစရာ မရှိတော့။

၁၉၇၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေမှာ ဆိုရှယ်လစ်ဝါဒဖြင့် တစ်ပါတီတည်းသာ အုပ်ချုပ်ခွင့်ရသော ဥပဒေဖြစ်သည်။ အချိန်ယူပြင်ဆင်ပြီး ထောက်ခံမဲ ၉၁ရာခိုင်နှုန်းကျော်ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သော်လည်း ၁၉၈၈ခုနှစ်တွင် ပြည်သူလူထုက မကြိုက်တော့သဖြင့် ဖျက်သိမ်းခဲ့ရသည်။ ထိုအခြေခံဥပဒေမှာလည်း ဆွေးမြည့်လွင့်ပြယ် ပျောက်ကွယ်သွားပေပြီ။ လွမ်းစရာ မရှိတော့ပြီ။

ယခုအခြေခံဥပဒေမှာ အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကြားမှ ကိုယ်စားလှယ်(၁၀၀၀)ကျော်၏ တညီတညွတ်တည်း ကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်ထွက်လာရခြင်းဖြစ်သည်။ ယခင်ဥပဒေများထက် အဆများစွာသာသည်။ ၁၉၄၇ခုနှစ် ဥပဒေတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တွေ မပါဝင်ခဲ့၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်ကို ပြတ်ပြတ်သားသား မသတ်မှတ်နိုင်ခဲ့၍ အကြီးအကျယ် စစ်ဖြစ်ခဲ့ရသည်။ ၁၉၇၄ခုနှစ် ဥပဒေကျမှ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တွေ တိုးလာသော်လည်း တစ်ပါတီတည်းက ဦးဆောင်သောစနစ် ဖြစ်နေသည်။

ယခု အခြေခံဥပဒေတွင် လက်ရှိပြည်နယ်နှင့် တိုင်းများအပြင် “၀” တိုင်းရင်းသားတို့အတွက် “၀” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ နာဂတိုင်းရင်းသားတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေပါလာသည်။ ကျန်တိုင်းရင်းသားတို့အတွက် လူဦးရေအလိုက် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ပိုင်ခွင့်တွေ ပိုလာသည်။ ပြည်နယ်အစိုးရတွေ ဖွဲ့စည်းခွင့်ကဲ့သို့ အခွင့်အရေးမှာ အာဏာခွဲဝေမှုတွင် ပိုမိုအခွင့်သာလာခြင်း ဖြစ်သည်။ မကြိုက်သေးဘူးဆိုလျှင်လည်း အခြေခံဥပဒေကို ပြင်ဆင်သည့် အခန်းပါဝင်သည်။ ထိုအခြေခံဥပဒေကို ကျင့်သုံးပြီး ရင့်ကျက်လာသည်နှင့်အမျှ အပြောင်းအလဲ လုပ်လို့ရသည့် အခွင့်အရေးလည်း ရှိသည်။ တင်းကျပ်လွန်းသည့် ဥပဒေမျိုးလည်း မဟုတ်ပေ။

လွန်ခဲ့သည့် (၁၀)နှစ်ကျော်က လက်တစ်ဆုပ်စာ လူတစ်စုက အသံကောင်းဟစ်ခဲ့ကြသော မဲသရောထကြေညာချက်ကို သုံးပွင့်ဆိုင် ဆွေးနွေးပွဲအဖြစ် ယခုမှတောင်းဆိုနေလို့တော့ မဖြစ်ပေ။ ဒေါ်စုကြည်ပါမှ၊ NLD ပါမှ ဆိုလျှင်လည်း အခြေခံဥပဒေကို အသစ်က ပြန်ဆွဲရပေတော့မည်။ ဤအခြေအနေမျိုးအထိ ပြည်သူကရော လက်ခံနိုင်ပါမည်လား။

သင်အသက် (၁၈)နှစ် ပြည့်ပါပြီလား။

နိုင်ငံသားတစ်ဦးအနေဖြင့် မဲပေးနိုင်ခွင့်ကို လက်လွှတ်မဆုံးရှုံးပါစေနှင့်။

ဒီမိုကရေစီကို အမြန်ဆုံး လိုချင်ပါသလား။

ဒီမိုကရေစီ ဖော်ဆောင်ပေးနိုင်မည့် အခြေခံဥပဒေမူကြမ်းကို အသည်းကြားက မဲတစ်ပြားဖြင့် ထောက်ခံပြီး အတည်ပြုပေးလိုက်ပါ။

သင်သည် နိုင်ငံတော်အတွက် တာဝန်ကျေပွန်သွားသော နိုင်ငံသားတစ်ဦးအဖြစ် ဂုဏ်ယူနိုင်ပါလိမ့်မည်။ ။

ဒီမိုကရေစီရရှိရေးအတွက် အခိုင်မာဆုံး ပြဋ္ဌာန်းပေးနိုင်သည်မှာ အခြေခံဥပဒေပင်ဖြစ်သည်။ အခြေခံဥပဒေသည်သာလျှင် ဒီမိုကရေစီအတွက် အရေးအကြီးဆုံး အာမခံချက်ကြီး ဖြစ်သည်။ အခြေခံဥပဒေ မရှိဘဲနှင့်တော့ ပြည်သူတို့လိုချင်ပါသည်ဆိုသော ဒီမိုကရေစီ မရရှိနိုင်ပေ။ ထို့ကြောင့်နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေတစ်ရပ်မှာ မလွဲမသွေလိုအပ်မြဲပင်ဖြစ်သည်။

ယခု အခြေခံဥပဒေမှာ အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကြားမှ ကိုယ်စားလှယ်(၁၀၀၀)ကျော်၏ တညီတညွတ်တည်း ကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်ထွက်လာရခြင်းဖြစ်သည်။ ယခင် ဥပဒေများထက် အဆများစွာသာသည်။ ၁၉၄၇ခုနှစ် ဥပဒေတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တွေ မပါဝင်ခဲ့၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်ကို ပြတ်ပြတ်သားသား မသတ်မှတ်နိုင်ခဲ့၍ အကြီးအကျယ် စစ်ဖြစ်ခဲ့ရသည်။ ၁၉၇၄ခုနှစ် ဥပဒေကျမှ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တွေ တိုးလာသော်လည်း တစ်ပါတီတည်းက ဦးဆောင်သောစနစ် ဖြစ်နေသည်။

6-3-2008 (03).pmd 1 3/6/2008, 12:10 AM



အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ သစ်သီးဝလံလက်ကားဈေးကြီး၌ ဖရဲသီးများရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို မတ် ၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စစ်သွေးကြွများကိုထောက်ပံ့သည်ဟူသော အမေရိကန်၏စွပ်စွဲချက် မဟုတ်မှန်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက် ပြောကြား

ဘဂ္ဂဒတ် မတ် ၅

အီရတ်နိုင်ငံရောက် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် ရှီးယိုက်စစ်သွေးကြွများကို အီရန်က အားပေး ထောက်ခံနေသည်ဟူသော အမေရိကန်တို့၏စွပ်စွဲချက်များမှာ မဟုတ်မှန်ကြောင်း အီရတ်နိုင်ငံသို့ ရောက်ရှိနေသည့် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က မတ်၂ရက်၌ ပြောကြားသည်။

ပြောကြား

အထောက်အထားမပြနိုင်ဘဲ အခြားနိုင်ငံများကို အမေရိကန်တို့ စွပ်စွဲတတ်ခြင်းမှာ ဒေသတွင်း ပြဿနာပိုတက်စေရုံသာမက တကယ့်ပြဿနာများကို ဖြေရှင်းနိုင်တော့မည်မဟုတ်ကြောင်း အီရတ်ဝန်ကြီးချုပ် အယ်မာလီကီနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်။

တုံ့ပြန်ပြောဆို

အီရတ်ဝန်ကြီးချုပ် မာလီကီက တုံ့ပြန်ပြောဆိုရာတွင် အီရန်သမ္မတ၏ အီရတ်ခရီးစဉ်ကြောင့် မိမိတို့၏ အခြားသော အိမ်နီးချင်းနိုင်ငံခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့နိုင်ငံသို့ လာရောက်လည်ပတ်ရန် အားကျသွားစေနိုင်မည်ဟု ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုမာလီယာတောင်ပိုင်း၌ အမေရိကန်ပုံးကြဲ၊ လေးဦးသေဆုံး၊ ၂၀ ဒဏ်ရာရရှိ

မိုဂါဒစ်ရှူး မတ် ၅

အမေရိကန်နိုင်ငံက ဆိုမာလီယာနိုင်ငံတောင်ပိုင်း အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ဝင်များရှိသည့် နေရာကို တိုက်ခိုက်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ကြေညာသည်။

ပစ်ခတ်

ဆိုမာလီယာနိုင်ငံတောင်ပိုင်း ဒိုဘယ်မြို့ကို မတ်၃ရက် စောစောပိုင်းက ဒုံးကျည် သုံးစင်းဖြင့် ပစ်ခတ်သည့်အတွက် လေးဦးသေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရရှိသွားသည်။

မြို့ခံလူထု

နောက်ထပ် ပစ်ခတ်တိုက်ခိုက်မည်ကိုစိုးရိမ်သဖြင့် ပြည်သူများသည် မြို့ကို စွန့်ခွာထွက်ပြေးကြသည်။ မတ်၃ရက် နံနက်ပိုင်းအထိ လေယာဉ်များ အနိမ့်ပျံသန်းနေကြသည်ကို မြင်ရသည်ဟုလည်း မြို့ခံလူထုက ပြောဆိုသည်။

ငွေကြေးထောက်ပံ့

အစ္စလမ္မစ်သူပုန်များက ဒိုဘယ်မြို့ကို ပြီးခဲ့သည့်ရက်သတ္တပတ်က သိမ်းပိုက်ပြီး ခေါင်းဆောင်တစ်ဦးဖြစ်သူ ဟက်ခန်တာကီက ထိုဒေသသို့ ရောက်နေကြောင်း သတင်းရရှိသည်။ မစ္စတာတာကီသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူ ဖြစ်သည်ဟု အမေရိကန်တို့၏စာရင်းတွင်ပါရှိသည်။

တိုက်ခိုက်

ထိုအတောအတွင်း ဘာဟက်ကာဘာမြို့ကို အစ္စလမ္မစ်ဝါဒီများက တိုက်ခိုက်သဖြင့် ဒေသခံ ရဲမှူးကြီးတစ်ဦးနှင့် ဒေသခံလေးဦး သေဆုံးသွားသည်။

(အင်တာနက်)

မီးခိုးမထွက်သည့်ကား ဗြိတိန်၌ထုတ်လုပ်

ဂျီနီဗာ မတ် ၅

မီးခိုးလုံးဝထွက်ခြင်း မရှိသောကားတစ်မျိုးကို ဗြိတိန်ရှိမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများ ပူးပေါင်းထားသည့် ကုမ္ပဏီအုပ်စုတစ်ခုက တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မတ် ၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းကားသည် ဟိုက်ဒရိုဂျင်လောင်စာစွမ်းအင်နှင့် မောင်းနှင်ခြင်းဖြစ်ပြီး တစ်နာရီလျှင်မိုင်တစ်ရာနှုန်း မောင်းနှင်နိုင်ကြောင်း ကားထုတ်လုပ်ရေးအင်ဂျင်နီယာ မစ္စတာမက်သရူးပါကင်က ပြောကြားသည်။ အဆိုပါကားတွင် ဟိုက်ဒရိုဂျင် လောင်စာဆီကန်တစ်ခုပါရှိသည်။ ယင်းလောင်စာဆီကန် တစ်ခါဖြည့်ထားလျှင် မိုင် ၂၅၀ခရီးကို မောင်းနှင်နိုင်သည်ဟု ဆိုသည်။ (အောက်ပုံ)

၄င်းကားအမည်ကို လိုက်ဖ်ကားဟုခေါ်ဆိုပြီး ဗြိတိသျှအစိုးရက ပေါင် ၁ဒသမ ၉သန်းအကုန်ကျခံ၍ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ မော်တော်ကားမှာ မီးခိုးလုံးဝထွက်ခြင်းမရှိသော်လည်း မီးခိုးတိုင်မှရေငွေ့အနည်းငယ်သာထွက်ပြီး ကားစက်သံမှာကောင်းမွန်၍ ဆူညံသံများ မထွက်ကြောင်း ကားထုတ်လုပ်သူများက ပြောကြားသည်။

(အင်တာနက်)



အိန္ဒိယမြောက်ပိုင်း၌ နှင်းများထူထပ်စွာကျဆင်း ရှားပါးတောရိုင်းတိရစ္ဆာန်များအား ထိခိုက်

နယူးဒေလီ မတ် ၅

ယခုနှစ်ဆောင်းရာသီက အိန္ဒိယကိုထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသတွင် နှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့မှုဒဏ်ကို ဆိုးရွားစွာခံခဲ့ရကြောင်း၊များစွာသောရှားပါးတိရစ္ဆာန်များနှင့် ငှက်မျိုးစိတ်များ လျော့ပါးလာကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအရာရှိများက မတ် ၂ရက်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သောလက ယင်းဒေသတွင် ကြုံတင် မခန့်မှန်းနိုင်သည့် နှင်းများ ထူထပ် သိပ်သည်းစွာ ကျဆင်းခဲ့မှုကြောင့် ရှားပါးသောမျိုးစိတ်များအပါအဝင် ရာပေါင်းများစွာသော ငှက်များနှင့် သားရဲတိရစ္ဆာန်များ သေဆုံးခဲ့ရကြောင်း အင်ဒိုအေးရှင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနအနေဖြင့် တောရိုင်းတိရစ္ဆာန်များ၏ အလေ့အထနှင့် ရာပေါင်းများစွာသော ရစ်ငှက်များ၊ ကျားသစ်များ၊ တောကြောင်များ၊ အခြား နို့တိုက်သတ္တဝါငယ်များအား ယင်းရာသီဥတုဒဏ်က ထိခိုက်စေခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း ယင်းဌာနမှအရာရှိ ကစ်ချ်လူးက ပြောကြားသည်။

လူတို့အခြေချနေထိုင်သည့်အိမ်ရာအဆောက်အအုံများ တိုးပွားလာမှုကြောင့် ရစ်ငှက်အမျိုးပေါင်းများစွာ အရေအတွက် နည်းပါးလာကြောင်း၊ ယင်းသို့ နည်းပါးရခြင်းအကြောင်းမှာ လူများက ရစ်ငှက်များအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများကြောင့်ဖြစ်ကြောင်း ယင်းအရာရှိက ပြောကြားသည်။

အိန္ဒိယတို့ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင်နှစ်အနည်းက ခြောက်သွေ့သည့်ကာလ ရှိခဲ့ပြီးနောက် ၁၉၉၂ခုနှစ်တွင် နှင်းများ အနေတော်သာ ကျဆင်းခဲ့သည်။ ၁၉၉၆ခုနှစ်နှင့် ၂၀၀၅ ခုနှစ်က နှင်းများထူထပ်စွာ ကျဆင်းခဲ့သော်လည်း ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင်မှု နှင်းကျဆင်းမှု အထူထပ်အသိပ်သည်းဆုံးဖြစ်ကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်၌ ခြောက်လောင်းပြိုင် လူသတ်မှုဖြစ်ပွား

မမ်ဖစ် မတ် ၅

အမေရိကန်နိုင်ငံ တင်နက်စီပြည်နယ် မမ်ဖစ်မြို့ရှိ နေအိမ်တစ်အိမ်၌ ခြောက်လောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်ကို မတ် ၄ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အဆိုပါ လူသတ်မှုတွင် အရွယ်ရောက်သူလေးဦးနှင့်ကလေးနှစ်ဦးပါဝင်ကြောင်း၊ သေဆုံးသူခြောက်ဦးစလုံး သေနတ်ဖြင့် ပစ်သတ်ခံရခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သတင်းပို့

ယင်းလူသတ်မှုသည် သေဆုံးသူများ၏ဆွေမျိုးတစ်ဦးက ညနေခင်းတွင် ဖုန်းဆက်ရာ၌ ပြန်ကြားမှုမရှိခဲ့၍ရဲတပ်ဖွဲ့ထံ သတင်းပို့ခဲ့ရာမှ ရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အလောင်းခြောက်လောင်းကို တွေ့ရသည်ဟု ဆိုသည်။

အလောင်းများ

ရဲတပ်ဖွဲ့က အလောင်းများကို ဧည့်ခန်း၌လည်းကောင်း၊ အိပ်ခန်းများ၌လည်းကောင်း တွေ့ရသည်ဟု ဆိုသည်။

စုံစမ်းဖော်ထုတ်

ယင်းသေမှုသေခင်းများနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က အသေးစိတ်သိရှိနိုင်ရန် ဆက်လက် စုံစမ်းဖော်ထုတ်လျက်ရှိသည်။

(အင်တာနက်)

ဘဝအမောပြေ

မမှားပါဘူး ...

ဂျော်နီအမည်ရှိ ပထမတန်း ကျောင်းသားတစ်ဦးကို ဆရာမက စာမေးလေသည်။

ဆရာမ ။ ။ ဂျော်နီကို ဆရာမက ယုန်နှစ်ကောင် ပေးတယ်။ ဖေဖေကလည်း ယုန်နှစ်ကောင် ထပ်ပေးတယ်ဆိုရင် စုစုပေါင်း ယုန် ဘယ်နှကောင်ရှိလဲ။

ဂျော်နီ ။ ။ ယုန်ငါးကောင်ပါ။

ဆရာမ ။ ။ မှားနေတယ်။ ပြန်စဉ်းစားပါဦးကွာ။

ဂျော်နီ ။ ။ မမှားပါဘူး ဆရာမ။ ကျွန်တော့်အိမ်မှာ အရင်ကတည်းက ယုန်တစ်ကောင်ရှိပြီးသားပါ။

ဆရာမ ။ ။ ‘‘ဟေ’’



ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ပြုလုပ်သော (၇၈)ကြိမ်မြောက် ကားပြပွဲတွင် မီဒီယာသမားများက ဒီဇယ် ဟိုက်ဘရစ်နည်းပညာသုံးကားကို မတ် ၄ရက်က ကြည့်ရှုလေ့လာကြစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **နာဆာမှလွှတ်တင်ထားသော အင်္ဂါဂြိုဟ်လှည့်လာရေးယာဉ်မှ အင်္ဂါဂြိုဟ်အပြင်ဘက် ပတ်လည်မြင်ကွင်းပုံရိပ်များကို နာဆာမြေပြင်စခန်းသို့ မတ်၄ရက်၌ ပထမဆုံးပြန်လည် ပေးပို့နိုင်ခဲ့သည်။**

◆ တရုတ်နိုင်ငံ ပေကျင်းမြို့အနောက်တောင်ပိုင်း၌ မတ်၄ရက်က ရေဆိုးထုတ်စက်ရုံတစ်ရုံ ဓာတ်ငွေ့ပေါက်ကွဲ မှုဖြစ်ပွားရာ လေးဦးပွဲချင်းပြီးသေဆုံးပြီး ၁၆ဦးဒဏ်ရာရရှိခဲ့သည်။

❒ **အမေရိကန်နိုင်ငံ အက်လန်တာမြို့ မြောက်ဘက် ကင်တန်မြို့၌ မတ် ၄ ရက်က ကျောင်းကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ၂၇ဦး ဒဏ်ရာရရှိခဲ့သည်။**

◆ ပါကစ္စတန်နိုင်ငံ ကရာချိမြို့ကမ်းလွန် အာရေဘီယံပင်လယ်၌ မတ်၄ရက်က စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ကမ္ဘာလှည့်ခရီးသည် ခုနစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိသည်။

❒ **ဗြိတိန်နိုင်ငံ လန်ဒန်မြို့တောင်ဘက်ကမ်းလွန်၌ မတ်၄ရက်က တွေ့ရှိခဲ့ရသော ရေဘဝဲတစ်ကောင်သည် ခြေလက်ခြောက်ခုပါရှိပြီး ထူးခြားသော ဖွဲ့စည်းမှုရှိရာ ကမ္ဘာပေါ်၌ပထမဆုံးမြင်တွေ့ရသည့် ရေဘဝဲတစ်ကောင် ဖြစ်ကြောင်း အဏ္ဏဝါဇီဝဗေဒပညာရှင်များက ပြောကြားသည်။** (အောက်ပုံ)

◆ နော်ဝေနိုင်ငံမြောက်ပိုင်း ကမ်းခြေတစ်ခု၌ မတ် ၄ရက်က တွေ့ရှိရသော ဦးခေါင်းခွံတစ်ခုမှာ ပင်လယ်ပျော် ငှက်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ပြီး လွန်ခဲ့သည့်နှစ် သန်း၁၅၀ခန့်က အသက်ရှင်နေထိုင်ကျက်စားခဲ့သော ငှက်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည်ဟု နော်ဝေသုတေသန ပညာရှင်များက ပြောကြားသည်။

❒ **တူရကီနိုင်ငံ အင်ကာရာမြို့တွင် မတ်၄ရက်က သုံးထပ်လူနေအဆောက်အအုံတစ်ခုပြိုကျခဲ့ရာ လေးဦးသေဆုံးခဲ့သည်။**

◆ နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြို့၌ မတ်၄ရက်က အပူချိန် ၁၁၂ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ပြီး အပူလှိုင်းကျရောက်ခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၅-၃-၂၀၀၈

ဗီယက်နမ်၌ မြို့ပြလေယာဉ်မှူးသင်တန်းဖွင့်

ဗီယက်နမ်နိုင်ငံ၏ မြို့ပြလေယာဉ်မှူး လေ့ကျင့်ရေးသင်တန်းကျောင်းကို စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ကြောင်း ဗီယက်နမ်လေကြောင်း အရာရှိများက ပြောကြားသည်။

အဆိုပါသင်တန်းကျောင်းကို ခမ်ဟိုရာပြည်နယ်အလယ်ပိုင်းချမ်ရန်လေဆိပ်၌ ဖွင့်လှစ်ခြင်းဖြစ်ပြီး လေယာဉ်မှူး၂၀ တက်ရောက်သင်ကြားလျက်ရှိသည်။

ကမ္ဘာ့ဈေးကွက်၌ရေနံဈေးနှုန်းများ မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)မှ သတင်းထုတ်ပြန်သည်။

အမေရိကန်ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ၁၀၄ ဒေါ်လာအထိ ရှိလာကြောင်း အိုပက်မှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်စသင့်ကြောင်း တရုတ်ပြောကြား

ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယား ကင်းစင်ရေးအတွက် ခြောက်နိုင်ငံဆွေးနွေးပွဲများ ပြန်လည်စတင် ဆောင်ရွက်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

မြောက်ကိုရီးယား၏ နျူကလီးယားလုပ်ငန်းစဉ်များ ရပ်ဆိုင်းရေးအတွက် ရုရှား၊ ဂျပန်၊ အမေရိကန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ ပါဝင်သော ခြောက်နိုင်ငံတို့အနေဖြင့် မျက်ခြည်မပြတ် ဆောင်ရွက်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ရုရှားခရီးသည်တင်လေယာဉ်အစင်း ၁၀၀အီရန်ဝယ်မည်

ရုရှားနှင့်အီရန်နှစ်နိုင်ငံတို့ ခရီးသည်တင်လေယာဉ်များ အရောင်းအဝယ်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် သဘောတူညီလိုက်ကြသည်။

အဆိုပါ သဘောတူညီချက်မှာ ရုရှားနိုင်ငံမှ တီယူ-၂၀၄နှင့် တီယူ-၂၁၄ခရီးသည်တင် အလတ်စားလေယာဉ်အစင်း၁၀၀ကို အီရန်တို့ကအမေရိကန်ဒေါ်လာ ၂ဒသမ၅ဘီလီယံအကုန်အကျခံကာ ဝယ်ယူမည်ဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

ဥရုဂွေးအစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်း

ဥရုဂွေးသမ္မတက အစိုးရအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း ဥရုဂွေးအရာရှိများက ပြောကြားသည်။

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ အမည်စာရင်းများကို ထုတ်ပြန်လိုက်ပြီဖြစ်ရာ ဝန်ကြီးအသစ်ခြောက်ဦး ပါဝင်လာကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း ဆက်လက်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဟောင်ကောင် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ယခုအခါ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၈၁ ဒသမ ၃၇ ဒေါ်လာအထိ မြင့်တက်ခဲ့ရာ ယမန်နေ့ကထက် လေးဒေါ်လာမြင့်တက်ခဲ့သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

အစ္စရေးတို့ ဒုံးကျည်ဖြင့်ပစ်ခတ်၊ ပါလက်စတိုင်းတစ်ဦးသေဆုံး

ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားပြီးနောက် အစ္စရေးတို့က ဒုံးကျည်များဖြင့် ပစ်ခတ်သဖြင့် ပါလက်စတိုင်းတစ်ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

ပါလက်စတိုင်း လက်နက်ကိုင်များက အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်နေမှုကို တုံ့ပြန်သည့်အနေဖြင့် ပြန်လည်ပစ်ခတ်ခြင်းဖြစ်ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ကမ္ဘောဒီးယားနှင့်ဗီယက်နမ် ဒေါ်လာနှစ်ဘီလီယံအထိကုန်သွယ်မည်

ကမ္ဘောဒီးယားနှင့်ဗီယက်နမ် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုတိုးမြှင့်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးတွဲ ကုန်သွယ်ရေးကော်မတီက သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုကို ၂၀၁၀ပြည့်နှစ်၌ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိရောက်ရှိရန် ရည်မှန်းထားကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဘဝဒဿန အမြင်

■ *There is a time of speaking and a time of being still.*

စကားပြောသင့်သည့် အချိန်ရှိသကဲ့သို့ ရေငုံနှုတ်ပိတ်နေသင့်သည့် အချိန်လည်းရှိသည်။

ဝီလျံကက်စ်တန် (ပုံနှိပ်ထုတ်ဝေရေးသမား)

■ *Strong drink is not only the devil's way into a man, but man's way to the devil.*

အရက်သေစာသောက်စားခြင်းသည် လူ့ခန္ဓာကိုယ်တွင်းသို့ မကောင်းဆိုးရွားဝင်ရောက်ခြင်းဖြစ်သကဲ့သို့ မကောင်းဆိုးရွား၏ကိုယ်တွင်းသို့ လူကဝင်ရောက်ခြင်းလည်း ဖြစ်သည်။

အဒမ်ကလာကီ (အင်္ဂလိပ်လူမျိုးဘာသာရေးသမား)

မက္ကဆီကိုနိုင်ငံအကြောင်း တစေ့တစောင်း...

သတင်းအက်ဆေး

မက္ကဆီကိုနိုင်ငံသည် မြောက်အမေရိကတိုက် တောင်ဘက်ဒေသတွင် တည်ရှိသည်။ ဥစ္စာနေကြွယ်ဝမှု၊ ဆင်းရဲမွဲတေမှု၊ သဘာဝကပေးအပ်သော သားနားထည်ဝါမှုနှင့်တကွ မြို့ပြမှ အပယ်ခံတို့၏ အကျည်းတန်အခြေအနေတို့ဖြင့် လက်ပွန်းတတီး ဆက်ဆံထိတွေ့နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ရွေးချယ်တင်မြှောက်

မက္ကဆီကိုနိုင်ငံရေးတွင် တော်လှန်ရေးပါတီဖြစ်သည့် ပီအာရ်အိုင်က နှစ်ပေါင်း၇၀ကြာအုပ်စိုးထိန်းချုပ်ခဲ့သည်။ သို့သော် ပီအာရ်အိုင်၏ဆက်တိုက်ချုပ်ထိန်းမှုကို အတိုက်အခံတို့က ဖြတ်တောက်လိုက်ကြောင်း ၁၉၉၇ခုနှစ် ရွေးကောက်ပွဲရလဒ်ကဖော်ပြသည်။ စင်စစ်အားဖြင့် မက္ကဆီကိုနိုင်ငံရေးမှာ အပြင်ပန်းအားဖြင့် ဒီမိုကရေစီ အရေခြုံထားသော်လည်း တစ်ပါတီစနစ်မင်းမူခံခဲ့ရသည်။ ဤအဆိုမှန်ကန်ကြောင်းကို အတိုက်အခံပါတီသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်သူ ဗီဆင့်ဖောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ၂၀၀၀ပြည့်နှစ် ရွေးကောက်ပွဲက အတည်ပြုခဲ့သည်။

လုပ်ကြံခံရ

မက္ကဆီကိုနိုင်ငံတွင် အင်မီလီယာ နိုဇာပါတာဦးဆောင်သည့် တောင်သူလယ်သမားနှင့်မြို့ပြအလုပ်သမားအကြား ဆူပူအုံကြွမှုက စနက်မီးပျိုးပေးလိုက်သည့် မော်ကွန်းတင်လောက်အောင် ထူးခြားသည့်တော်လှန်ရေးကို ၁၉၁၀ပြည့်နှစ်တွင်စတင်ခဲ့သည်။ ၁၉၁၁ခုနှစ်တွင် မက္ကဆီကိုအာဏာရှင် ပေါ်ဖီရီယိုပြုတ်ကျပြီး သဘောထား ပျော့ပျောင်းသည့် ဖရန်စစ္စကိုမာဒေရိုက သမ္မတတာဝန်ယူလိုက်သည်။ သမ္မတသစ်က လယ်ယာမြေပြုပြင်ရေးနှင့် အလုပ်သမားဥပဒေတို့ကို ပြဋ္ဌာန်းအကောင်အထည်ဖော်သည်။ နိုင်ငံတောင်ပိုင်း၌ ဇာပါတာဦးဆောင်သည့် လယ်သမားတော်လှန်ရေးကြောင့် နိုင်ငံရေးဆူပူမှုများ ဆက်ဖြစ်ပွားခဲ့သည်။ ၁၉၁၃ခုနှစ်တွင် သမ္မတမာဒေရိုလုပ်ကြံခံရသည်။ ဟွာတာသမ္မတဖြစ်လာသည်။ ၁၉၁၄ခုနှစ်တွင် ဟွာတာရာထူးမှ ထွက်သည်။ ၁၉၁၆ခုနှစ်တွင် ပြောက်ကျားခေါင်းဆောင် ဗီလာအား လိုက်လံဖမ်းဆီးရင်း အမေရိကန်တပ်များ နယ်စပ်ကိုဖြတ်ကာကျူးကျော်ဝင်ရောက်သည်။ သမ္မတဟွာတာ၏ ရာထူးကို ဆက်ခံသူ ကာရန်ဇာမှာ ၁၉၂၀ပြည့်နှစ်တွင် လုပ်ကြံခံရပြန်သည်။ ပြည်တွင်းစစ်ဖြစ်ပွားသည်။

၁၉၂၉ခုနှစ်တွင် အမျိုးသားတော်လှန်ရေးပါတီ (အင်အာရ်ပီ)ကိုထူထောင်သည်။ ၁၉၄၆ခုနှစ်တွင် အင်အာရ်ပါတီကို ပီအာရ်အိုင်ပါတီဟု အမည်ပြောင်းလိုက်သည်။ ၁၉၃၄ခုနှစ်တွင် သမ္မတကာဒီးနပ်စ်က ရေနံလုပ်ငန်း ပြည်သူပိုင်သိမ်းဆည်းရေး၊ မြေယာပြုပြင်ပြောင်းလဲရေးနှင့် စက်မှုလုပ်ငန်းတိုးချဲ့ရေး အစီအစဉ်စတင်သည်။

၁၉၄၀ပြည့်နှစ်တွင် မက္ကဆီကိုနိုင်ငံ၌ ရုရှားတော်လှန်ရေးသမား လီယွန်ထရော့စကီး လုပ်ကြံသတ်ဖြတ်ခံရသည်။ ၁၉၆၀ပြည့်နှစ်များတွင် တောင်သူလယ်သမားနှင့်အလုပ်သမားအုံကြွမှုများကို နှိပ်ကွပ်သည်။ ၁၉၆၈ခုနှစ်တွင် ဆန္ဒပြသူ ရာပေါင်းများစွာကို သေကျေဒဏ်ရာရရှိစေခဲ့သည်။

ချေမှုန်းပစ်

၁၉၇၆ခုနှစ်တွင် ကမ်းလွန်ရေနံသိုက်ကို ရှာဖွေတွေ့ရှိသည်။ ၁၉၉၄ခုနှစ်တွင် ချီယာပတ်စ်ကျေးရွာ၌ ဇာပါတစ္စတာ အမျိုးသားလွတ်မြောက်ရေးတပ် ပြောက်ကျားစစ်ဆင်ပုန်ကန်မှုကို အစိုးရတပ်က ချေမှုန်းပစ်သည်။ သို့သော် ဇာပါတစ္စတာ အမျိုးသားလွတ်မြောက်ရေးတပ်ဦး (အီးဇက်အယ်အင်)ပါတီကို အစိုးရက အသိအမှတ်ပြုသည်။ သမ္မတရွေးကောက်ပွဲတွင် ပီအာရ်အိုင်မှ အာနက်စတိုဇက်ဒီလိုပွန်ဒီလီယွန် အနိုင်ရသည်။ ၁၉၉၅ခုနှစ်တွင် ချီယာပတ်စ်မှ မယန်းတိုင်းရင်းသားများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပိုပေးရေးကိစ္စတွင် အစိုးရနှင့်အီဇက်အယ်အင်ပါတီတို့ သဘောတူညီမှုရသည်။ ၁၉၉၆ခုနှစ်တွင် လက်ဝဲပြည်သူ့တော်လှန်ရေးတပ်မတော် (အီးပီအာရ်) လှုပ်ရှားမှုကြောင့် တောင်ပိုင်းတွင် ပိုမိုဆူပူလာသည်။

၁၉၉၇ခုနှစ်တွင် ပီအာရ်အိုင်ပါတီမှာ ၁၉၂၉ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရွေးကောက်ပွဲတွင် မရှုမလှအရေးနိမ့်ခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဇူလိုင် သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံဘက်မှ ဗီဆင့်ဖောက်အနိုင်ရကာ မက္ကဆီကိုသမ္မတဖြစ်လာသည်။

ရက်စက်မှုများ

၂၀၀၁ခုနှစ် မတ်လတွင် ဇာပါတစ္စတာပြောက်ကျားများက သူတို့တောင်းဆိုချက်များကို အာရုံစိုက်လာအောင် ချီယာပတ်စ်ရွာမှ မက္ကဆီကိုစီးတီးသို့ ခရီးရှည်ချီတက် အင်အားပြသည်။ ထိုနှစ် နိုဝင်ဘာလတွင် ၁၉၇၀နှင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း လက်ဝဲတက်ကြွလှုပ်ရှားသူများ ပျောက်ဆုံးမှုစုံစမ်းရန် သမ္မတဖောက်က အမိန့်ပေးသည်။ သမ္မတဖောက်လက်ထက်တွင် အတိတ်က နိုင်ငံရေးကလိန်ကျရက်စက်မှုများ ဖော်ထုတ်စစ်ဆေးမှုပြုလုပ်သည့်အတွက် အုန်းအုန်းကျွက်ကျွက်ဖြစ်ကုန်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လတွင် ဖိလစ်ကာဒီရွန်က သမ္မတရွေးကောက်ပွဲ၌ အနိုင်ရသည်။ ထိုနှစ်အောက်တိုဘာလတွင် မက္ကဆီကိုနှင့် အမေရိကန်နယ်စပ်

ခြံစည်းရိုးကာရေးဥပဒေကို အမေရိကန်သမ္မတဘုရှ်က လက်မှတ်ထိုးသဖြင့် မက္ကဆီကိုနိုင်ငံက ထိုလုပ်ရပ်ကို ပြစ်တင်ရှုတ်ချသည်။

မျှော်တော်ဇော

မက္ကဆီကိုနိုင်ငံသည် ရေနံအကြီးအကျယ်ထွက်ရှိ ရောင်းချသည့်နိုင်ငံဖြစ်သည်။ အများစုကို အမေရိကန်က ဝယ်ယူသည်။ သို့သော် ကြွယ်ဝချမ်းသာရေးဆိုသည်မှာ ပြည်သူအများစုအဖို့ အိပ်မက်မျှသာရှိသေးသည်။ ကျေးလက်ဒေသများမှာ ပေယျာလကန်ပစ်ပယ်ခံထားရသည်။ မြို့ကြီးများကို ဆင်းရဲသားရပ်ကွက်များက ဝိုင်းရံညစ်ပေနေစေသည်။ ဆင်းရဲသားမက္ကဆီကိုနိုင်ငံသားအများအပြားသည် နယ်စပ်ဖြတ်ပြီး အမေရိကန်နိုင်ငံသို့ အလုပ်ရှာထွက်ကြသဖြင့် နှစ်စဉ်နှစ်တိုင်း လူတစ်သန်းခန့်အဖမ်းအဆီးခံရသည်။ မွေးရပ်ကိုစွန့်၍ အလုံးအရင်းထွက် စီးပွားရှာသည့်အတွက်ကြောင့် ကိုယ့်ရပ်ကိုယ့်ရွာ၌ ကျီးနဲ့ဖုတ်ဖုတ်ကျန်ခဲ့သည်။ ဆင်းရဲသားကျေးလက်မိသားစုများမှာ အလုပ်သွားလုပ်သူထံမှ ပြန်ပို့မည့်ငွေကိုသာ မျှော်တော်ဇောနှင့်မောနေကြသည်။ ရာဇဝတ်မှုများက ထူပြောသည်။ ကမ္ဘာပေါ်တွင် မက္ကဆီကိုသည် ပြန်ပေးဆွဲမှုနှုန်း အမြင့်ဆုံးဖြစ်သည်။

သမ္မတ ကာဒီရွန်က ဆင်းရဲမှုတိုက်ဖျက်ရေးကို ကြွေးကြော်ထားသည်။ ထို့ပြင် ရာဇဝတ်မှု၊ အခွန်ရှောင်မှု၊ အဂတိလိုက်စားမှုများကိုလည်း တိုက်ဖျက်ပစ်မည်ဟု သန္နိဋ္ဌာန်ချထားသည်။ ဤအရာများအောင်မြင်ရေးအတွက် လက်တွေ့အဓိကဆောင်ရွက်ရမည့်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို လစာတိုးပေးမည်ဟုလည်းကြေညာထားသည်။ ထို့ပြင် ပြည်သူတို့ အလုပ်အကိုင်များ ရရှိစေရန် အခြေခံအဆောက်အအုံများကို တိုးချဲ့ တည်ဆောက်သွားမည်ဟု ဆိုထားသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ် အကြိုရွေးကောက်ပွဲ ဟီလာရီက အိုဘားမားထက် အသာစီးရခဲ့

ဝါရှင်တန် မတ် ၅

မတ်လ ၄ရက်က ကျင်းပသည့် ပြည်နယ်လေးခု၏ အကြိုရွေးကောက်ပွဲများသည် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်အတွက်ရော၊ ဒီမိုကရက်တစ်အတွက်ပါ ပါတီကိုယ်စားပြုမည့် ကိုယ်စားလှယ်လောင်းကို အပြီးရွေးချယ်ပေးမည့် အကြိုရွေးကောက်ပွဲများကျင်းပရာ မဲရေတွက်မှုအရ ဟီလာရီ (အောက်ပုံ)**က အသာစီးရခဲ့ကြောင်း သိရသည်။**

ပါတီကိုယ်စားလှယ်လောင်း အများအပြားစေလွှတ်မည့် အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ် နှစ်ခုတွင် အနိုင်ရရေးမှာ အဓိကကျသည်ဆိုသော်လည်း ရုဒ်အိုင်လင်နှင့် ဗားမွန့်ပြည်နယ်နှစ်ခုတွင်လည်း ပါတီနှစ်ရပ်စလုံးအတွက် အကြိုရွေးကောက်ပွဲများ ပြုလုပ်ယှဉ်ပြိုင်ကြရသည်။

ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းမှာ ကြိုတင်တွက်ဆထားသည့်အတိုင်း အနိုင်ရသွားပြီဖြစ်သည်။

အရေးသာနေ

ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်နှစ်ဦးတွင် အိုဟိုင်းယိုးပြည်နယ် အကြိုရွေးပွဲ၌ ဟီလာရီက ပါတီကိုယ်စားလှယ် ၇၁ဦး၊ အိုဘားမားက ၅၇ဦး၊ ဗားမွန်ပြည်နယ် အကြိုရွေးကောက်ပွဲ၌ ဟီလာရီက ကိုယ်စားလှယ် ကိုးဦး၊ အိုဘားမားက ခြောက်ဦး၊ ရုဒ်အိုင်လင် အကြိုရွေးကောက်ပွဲ၌ ဟီလာရီက ကိုယ်စားလှယ် ၁၃ဦး၊ အိုဘားမားက ရှစ်ဦး၊ တက္ကဆက်ပြည်နယ် အကြိုရွေးကောက်ပွဲ၌ ယခုအထိ ဟီလာရီကိုယ်စားလှယ် ၂၅ဦး၊ အိုဘားမားက ၁၄ဦး အသီးသီးရပြီး ဟီလာရီကလင်တန်က အရေးသာနေသည်။ ထို့ကြောင့် ဒီမိုကရက်တစ် သမ္မတလောင်းဖြစ်ရေး နှစ်ဦး ဆက်လက်ယှဉ်ပြိုင်ကြရဦးမည် ဖြစ်သည်။

အဓိကယှဉ်ပြိုင်

အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းမှာ ရီပတ်ဘလီကင် သမ္မတလောင်းအဖြစ် အမေရိကန်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန် သေချာပြီဖြစ်သဖြင့် အမေရိကန်ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်သမ္မတလောင်းမှာ ရီပတ်ဘလီကင်မှ ဂျွန်မက်ကိန်းနှင့် အဓိကယှဉ်ပြိုင်ကြရမည် ဖြစ်သည်။

(အင်တာနက်)

အာဖဂန်၌ အသေခံဗုံးခွဲ နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ကဘူးလ် မတ် ၅

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဖောက်ခွဲတိုက်ခိုက်

ကားဗုံးခွဲတိုက်ခိုက်မှုသည် ခေါက်ပြည်နယ် အရှေ့ပိုင်းရှိ အစိုးရရုံးတစ်ရုံးဂိတ်ဝသို့ ကားပေါ်တွင် ပေါက်ကွဲစေသည့်ပစ္စည်းများတင်ဆောင်လာပြီး အရှိန်ဖြင့် မောင်းဝင်လာကာ ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ယင်းအသေခံ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အခြားတပ်ဖွဲ့ဝင် လေးဦးလည်း ဒဏ်ရာရရှိသွားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့နှင့်ဆက်နွှယ်သော တိုက်ခိုက်မှုများ အရှိန်မြင့် တိုက်ခိုက်လာလျက်ရှိသည်။ ၂၀၀၇ခုနှစ်အတွင်း လူပေါင်းထောင်ချီ၍ သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ဆူဒန်နှင့် ဥရောပတပ်များတိုက်ပွဲဖြစ်ပွား ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးနေ

ဒါဖာ မတ် ၅

ချဒ်နိုင်ငံရှိ ဥရောပတပ်ဖွဲ့ဝင်များသည် ဒါဖာဒေသအတွင်း နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီးနောက် ဆူဒန်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း မတ် ၄ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ဆူဒန်တပ်ဖွဲ့ဝင်များနှင့် ဥရောပတပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်ခဲ့ရာ ဆူဒန်အစိုးရတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း ဆူဒန်အစိုးရတပ်များက ပြောကြားသည်။

ပျောက်ဆုံးနေ

ဥရောပတပ်ဖွဲ့မှ စစ်ယာဉ်တစ်စီး ဆူဒန်နိုင်ငံအတွင်းသို့ လမ်းကြောင်းမှားယွင်းပြီးရောက်ရှိသွားရာမှ ပြန်လည်ရရှိရန် ကြိုးစားစဉ် တိုက်ပွဲဖြစ်ပွားခဲ့ရကြောင်း ဥရောပတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါစစ်ယာဉ်ပေါ်တွင် လိုက်ပါသွားသော ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးနေဆဲ ဖြစ်သည်။ ၎င်းမော်တော်ယာဉ်အား ဆူဒန်တို့က ဖမ်းဆီးထားစဉ် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ရသည်။ ယင်းပစ်ခတ်မှုဖြစ်ပွားစဉ် အခြားဥရောပတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ (အင်တာနက်)

တရုတ်နိုင်ငံ ဟောင်ကောင်မြို့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲတွင် ပါဝင်ပြသထားသည့် လက်ဝတ်ရတနာ တစ်စုံကို မတ် ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်က ဆိုမာလီယာနိုင်ငံအား ဗုံးကြဲတိုက်ခိုက်မှု ရာပေါင်းများစွာသောပြည်သူများ ချီတက်ဆန္ဒပြ

မိုဂါဒစ်ရှူး မတ် ၅

ဆိုမာလီယာနိုင်ငံအား အမေရိကန်တို့က အကြမ်းဖက်အယ်လ်ခိုင်ဒါများဟု စွပ်စွဲလျက် မတ် ၃ရက်က ဒီဟိုဘာယ်မြို့ကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့၍ ရာပေါင်းများစွာသော အမျိုးသမီးများနှင့် ကလေးများ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံဆိုင်းဘုတ်များကိုင်ဆောင်ကာ ချီတက်ဆန္ဒပြခဲ့ကြကြောင်း မတ်၄ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အမေရိကန်တို့က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာတွင် တိုက်ခိုက်ရေးသမားများ တစ်စုံတစ်ရာထိခိုက်မှု မရှိဘဲ အနည်းဆုံးအရပ်သားငါးဦး သေဆုံးသွားကြောင်း အစ္စလမ္မစ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဗုံးကြဲတိုက်ခိုက်

ဆိုမာလီယာနိုင်ငံ၏ ပိုင်နက်အတွင်း အစိုးရ၏ခွင့်ပြုချက်မရဘဲ အမေရိကန်တို့က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အစိုးရအဖွဲ့က ပြောကြားသည်။

ပျက်စီး

အမေရိကန်တို့က ဒုံးကျည်ဖြင့် ဒီဟိုဘာယ်မြို့ပေါ်သို့ သုံးချက်ပစ်ချခဲ့ရာ အဆောက်အအုံများ ပျက်စီးသွားခဲ့ကြောင်း၊ အပျက်အစီးများအောက်တွင် လူများပိနေကြောင်း ယင်းမြို့နေပြည်သူများက ပြောကြားသည်။

ပြောကြား

ဆိုမာလီယာနိုင်ငံသည် စစ်ဘေး စစ်ဒဏ်များခံနေရသဖြင့် ကမ္ဘာပေါ်တွင် ကလေးများအတွက် အဆိုးရွားဆုံးနေရာဖြစ်ကြောင်း ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြီးခဲ့သည့်လတွင် ပြောကြားလိုက်သည်။

(အင်တာနက်)



ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့တွင် မတ် ၄ရက်က အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေး တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြစဉ်။

(အင်တာနက်ဓာတ်ပုံ)

နယ်စပ်ဖြတ်ကျော်တိုက်ခိုက်သည့် ကိုလံဘီယာအား အီကွေဒေါနှင့် ဗင်နီဇွဲလား သံတမန်အဆက်အသွယ်ဖြတ်

ကာရာကတ် မတ် ၅

အီကွေဒေါနိုင်ငံသို့ ကိုလံဘီယာတပ်များက နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုပြုလုပ်ခဲ့၍ ကိုလံဘီယာသံတမန်များနှင့် အဆက်အသွယ်ဖြတ်တောက်လိုက်ကြောင်း မတ် ၄ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ပစ်သတ်

ဗင်နီဇွဲလားနိုင်ငံကလည်း ကိုလံဘီယာ သံတမန်များအားလုံးကို နှင်ထုတ်လိုက်ကြောင်း၊ အကြောင်းမှာ သူပုန်ခေါင်းဆောင် ရာအူးလ်ရေးယက်စ်နှင့် အခြား ၁၆ဦးအား ကိုလံဘီယာတပ်များက ပစ်သတ်ခဲ့၍ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

စေလွှတ်

ကိုလံဘီယာ သံတမန်များကို နှင်ထုတ်လိုက်ပြီးနောက် ဗင်နီဇွဲလားနှင့် အီကွေဒေါနိုင်ငံများက ယင်းတို့ နယ်စပ်များတွင် တပ်များစေလွှတ်ချထားလိုက်သည်ဟု ဆိုသည်။

တိုက်ခိုက်

သူပုန်ခေါင်းဆောင် ရာအူးလ်ရေးယက်စ်သည် ကိုလံဘီယာတပ်များကို အနှစ်လေးဆယ်ကျော်ကြာ တိုက်ခိုက်နေသည့် သူပုန်ခေါင်းဆောင် ဖြစ်သည်။

(အင်တာနက်)

ချန်ပီယံလိဂ်၌ နိုင်ပွဲရခဲ့သည့်နည်းပြတို့ရဲ့ ဖွင့်ဟစကားများ

မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၅

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အချို့ မတ်၅ရက်က ကစားအပြီးမှာတော့ မန်ယူ၊ အာဆင်နယ်၊ ဘာစီလိုနာနဲ့ ဆီဗီလာတို့ နိုင်ပွဲတွေရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်သွားခဲ့ကြပြီ ဖြစ်ပါတယ်။

"ထိုက်တန်တဲ့ ရလဒ်ပါ"
မန်ယူနည်းပြ ဖာဂူဆန်

ဒီလိုနိုင်ပွဲတွေရပြီး ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့တဲ့ နည်းပြတို့ရဲ့ ခံစားမှုဖွင့်ဟချက်တွေကို ဖော်ပြရရင် ပထမအကျော့ အဝေးကွင်းမှာ လိုင်ယွန်နဲ့ တစ်ဂိုးစီသရေဖြစ်ပြီး အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ မန်ယူနည်းပြ ဖာဂူဆန်က **"ဒီပွဲမှာ ကျွန်တော်တို့ ဂိုးရဖို့ ခက်ခက်ခဲခဲကြိုးစားခဲ့ရတာပါ။ သူတို့ခံစစ်ကြောင်းက တကယ့်ကို ခိုင်မာပါတယ်။ စီရိုနယ်ဒို ဂိုးသွင်းလိုက်ကတည်းက ကျွန်တော်တို့ နိုင်မယ်လို့ ယုံကြည်ထားလိုက်ပါပြီ။ ဒုတိယပိုင်းမှာ သူတို့တွေ ချေပဂိုးရဖို့ အခွင့်အရေး ရခဲ့ပေမယ့် ကျွန်တော်တို့ကံကောင်းခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မန်ယူရဲ့ ခြေစွမ်းနဲ့ထိုက်တန်တဲ့ ရလဒ်ကို ရယူနိုင်ခဲ့ပြီး နောက်တစ်ဆင့် တက်ရောက်ခဲ့တာပါ။ စီရိုနယ်ဒိုရဲ့ ဂိုးသွင်းစွမ်းရည်ကိုလည်း ကျွန်တော် အသိအမှတ်ပြုပါတယ်။ သူဟာ တကယ့်ပါရမီရှင်ဘောလုံးသမားတစ်ဦးပါ"**လို့ မှတ်ချက်ပြု ပြောကြားခဲ့ပါတယ်။

ချန်ပီယံလိဂ် လက်ရှိချန်ပီယံ အေစီမီလန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရပြီး နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး-ဂိုးမရှိနဲ့ ဖြုတ်ချခဲ့တဲ့အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကတော့ **"အာဆင်နယ် အသင်းရဲ့ခြေစွမ်းကို မှတ်ကျောက်တင်ပြလိုက်တဲ့ပွဲပါပဲ။ ဒီပွဲမှာ ကျွန်တော့် လူတွေ ကစားမှုအပေါ် စိတ်တိုင်းမကျပေမယ့် အေစီလိုအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့တာကတော့ကြီးမားတဲ့အောင်မြင်မှုတစ်ရပ်ပါပဲ။ နောက်ကျဂိုးတွေနဲ့ အနိုင်ရရှိခဲ့ပေမယ့် အာဆင်နယ်ကစားသမားတွေဟာ အောင်မြင်မှုကို ဆာလောင်မွတ်သိပ်နေကြသူတွေပါ။နောက်ပွဲတွေမှာ စိန်ခေါ်မှုတွေရှိနေပေမယ့် ကျွန်တော့်လူတွေဖြတ်ကျော်သွားနိုင်မယ်လို့ယုံကြည်ပါတယ်"**လို့ ဖွင့်ဟသွားပါတယ်။

"ကြီးမားတဲ့ အောင်ပွဲပါပဲ"
အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး

"ခြေကုန်ထုတ်ခဲ့ရတာပါ"
ဘာစီလိုနာနည်းပြ ရီကတ်

ဆဲလ်တစ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး ကွာတားဖိုင်နယ်တက်ခဲ့ပြီဖြစ်တဲ့ဘာစီလိုနာနည်းပြ ရစ်ကတ်ကတော့ **"ဆဲလ်တစ်ကစားတာအတော်လေးကောင်းပါတယ်။ အိမ်ကွင်းမှာဆိုပေမယ့် အနိုင်ရဖို့ကျွန်တော့်ကစားသမားတွေ ခြေကုန်ထုတ်ခဲ့ရတာပါ။ ဒီပွဲမှာအနိုင်ရဖို့ ကျွန်တော်တို့စနစ်တကျ ပြင်ဆင်ခဲ့တဲ့အကျိုးပါပဲ"**လို့ သူ့အသင်းရဲ့အောင်မြင်မှုအပေါ် ပြောပြသွားပါတယ်။

ဒီလိုပါပဲ ဘာစီလိုနာကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးခဲ့တဲ့ ဆဲလ်တစ်နည်းပြ ဂေါ်ဒွန်စထရာချန် ကတော့ **"ဘာစီလိုနာဟာ ထိပ်တန်းအသင်းတစ်သင်းပါ။ ကျွန်တော့် ကစားသမားတွေ ပထမပိုင်းမှာပဲ ကောင်းကောင်းကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းကစားပုံက အားမရပါဘူး၊ ဒီပွဲမှာ သင်ခန်းစာတွေ အများကြီးရပါတယ်"**လို့ ပြောပြသွားပါတယ်။ ။ **ကိုးကား-အင်တာနက်**

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင် မန်ယူ၊အာကြီးနှင့်ဘာကာတို့အနိုင်ရပြီး ကွာတားဖိုင်နယ်တက်ပြီ

လန်ဒန် မတ် ၅

ချန်ပီယံလိဂ် နောက်ဆုံး၁၆သင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအကျော့ ပြိုင်ပွဲများကို မတ်၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပရီမီယာလိဂ် ထိပ်တန်းကလပ်များ ဖြစ်ကြသည့် မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်တို့ အသီးသီးအနိုင်ရရှိကြပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားကြပြီဖြစ်သည်။



မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို စီရိုနယ်ဒိုက လိုင်ယွန်ဂိုးအတွင်း ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်-ဓာတ်ပုံ)

မန်ယူ-လိုင်ယွန်

မန်ယူတို့ ပထမ အကျော့က လိုင်ယွန်၏ အိမ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သော ရလဒ်ကောင်းကို အခြေခံ၍ အိမ်ကွင်းတွင် အနိုင်ရရှိအောင် ကစားမည်ဆိုသည့် စိတ်ဓာတ်အပြည့်အဝဖြင့် အချိတ်အဆက်မိမိ ယှဉ်ပြိုင်ထိုးဖောက် ကစားခဲ့သည်။

ပထမပိုင်းပွဲပြီးရန် ငါးမိနစ်အလိုတွင် အန်ဒါဆင်ကန်သွင်းလိုက်သော ဘောလုံး လိုင်ယွန်၏ဂိုးဧရိယာအတွင်း စီရိုနယ်ဒိုရရှိသွားပြီး ကန်သွင်းလိုက်ရာ လိုင်ယွန်ဂိုးသမား ကော်ပတ် ပြင်ဆင်ချိန်မရလိုက်ဘဲဂိုးဝင်သွားခဲ့သည်။ ယင်းဂိုးမှာယခုနှစ်ရာသီအတွင်း စီရိုနယ်ဒို၏ ဂိုးပေါင်း ၃၀မြောက်ဂိုးလည်းဖြစ်သည်။

အေစီမီလန်-အာဆင်နယ်

ပထမအကျော့ ပြိုင်ပွဲတွင် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သော အေစီမီလန်နှင့် အာဆင်နယ်ပွဲသည် ပွဲချိန်မိနစ် ၈၀ ကျော်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်း နိုင်လောက်အောင် တိုက်စစ်၊ ခံစစ်အားကောင်းနေသည်။

ပွဲချိန် ၈၄ မိနစ်တွင် ဖာဘရီဂတ်စ်ကိုက် ၃၀ အကွာမှ မြေလိုမ့်ဘောခပ်ပြင်းပြင်း ကန်သွင်းလိုက်ရာမှ အာကြီးတို့ ဂိုးစတင်ရရှိသွားသည်။

အာဆင်နယ် လူငယ်များသည် ရရှိထားသော တစ်ဂိုးကြောင့် မြိုင်မြိုင်ဆိုင်ဆိုင် တိုက်စစ် အရှိန်မြှင့်တင် ကစားခဲ့ရာ ပွဲသိမ်းလေလွှင့်ချိန်တွင် ဝေါလ်ကော့တ် ဖြတ်ပို့လိုက်သည့် ဘောလုံးမှတစ်ဆင့် တိုက်စစ်မှူး အဒီဘာယော သွင်းယူနိုင်၍ အာကြီးတို့ ပွဲအပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် လက်ရှိ ချန်ပီယံအေစီကို အနိုင်ရလိုက်သည်။

အာဆင်နယ် အသင်းသည် အေစီမီလန်၏ ဆန်စီရိုကွင်း၌ အေစီမီလန်ကို အနိုင်ကစားနိုင်သော ပထမဆုံးသော အင်္ဂလိပ် ဘောလုံးအသင်း ဖြစ်လာသည်။

ဘာစီလိုနာ-ဆဲလ်တစ်

ပထမအကျော့ ဆဲလ်တစ် အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ဘာစီလိုနာအသင်းသည် အိမ်ကွင်း၌ ပွဲစသည်နှင့် မာမာတင်းတင်း ထိုးဖောက် ကစားခဲ့သော ဇာဗီဟာနန်ဒက်ဇ်က နှစ်မိနစ်အတွင်း ဘာစီလိုနာအတွက် အနိုင်ဂိုးကို သွင်းယူပေးထားနိုင်ခဲ့သည်။

ယင်းအနိုင်ဂိုးဖြင့်ပင် ဘာစီလိုနာတို့ ပွဲပြီးသည်အထိ ထိန်းကစားနိုင်ခဲ့၍ နှစ်ကျော့ပေါင်း ဘာစီလိုနာက လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဆီဗီလာ-ဖီနာဘာချီ

ဆီဗီလာတို့ အိမ်ကွင်း၌ ဖီနာဘာချီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ပထမအကျော့ ပြိုင်ပွဲတွင် ဖီနာဘာချီက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားသဖြင့် သရေပွဲဖြစ်ကာ ပယ်နယ်တီကန်ခဲ့ရသည်။

ဒုတိယအကျော့တွင် ပယ်နယ်တီ ကန်သွင်းရာ၌ ဖီနာဘာချီက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားခဲ့သည်။ ။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းရေးသားသည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မကာအို ဒေသရှိ အမြင့် ၇၆၄ပေ ရှိသော မကာအို မျှော်စင် အဆောက်အအုံပေါ်မှ မြေပြင်သို့ လေထီးအလွတ် ခုန်ချနေသူတစ်ဦး၏ မြင်ကွင်းကို မတ် ၁ရက်က ဤသို့ တွေ့ရသည်။
(အင်တာနက် ဓာတ်ပုံ)

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မတ်၁ရက်က တန်ချိန် ၁၃တန်ရှိသည့် အလွန် ကြီးမားသော အိုးကြီးဖြင့် စားဖိုမှူး ၆၀တို့က စုပေါင်းဟင်းချက်ပြုတ်ခဲ့ရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဟင်း ချက် ပြုတ်ခြင်းအဖြစ် ဂင်းနက်စ် မှတ်တမ်း၌ ဖော်ပြခံရသည်။
(အင်တာနက် ဓာတ်ပုံ)

အီဗန်ဒါဟိုလီဖီး မိုက်တိုင်စန်အား စိန်ခေါ်

နယူးယောက် မတ် ၅

အမေရိကန်မှ ကမ္ဘာကျော် လက်ဝှေ့သမားဖြစ်သည့် အီဗန်ဒါဟိုလီဖီးက မိုက်တိုင်စန်နှင့် တစ်ကျော့ပြန်ထိုးသတ်ရန် စိန်ခေါ်လိုက်သည်။

မိုက်တိုင်စန်နှင့် ဟိုလီဖီးတို့သည် ၁၉၉၆ခုနှစ်က ပထမဆုံးအကြိမ် ထိုးသတ်ခဲ့ကြသည်။ ယင်းဟဲဗီးဝိတ် ချန်ပီယံခါးပတ်လုပွဲတွင် ဟိုလီဖီးက တိုင်စန်အား ထိုးသတ်အနိုင်ယူခဲ့သည်။

ယင်းနောက် တစ်နှစ်အကြာ ယင်းတို့နှစ်ဦးသည် ဒုတိယအကြိမ် ပြန်လည်ထိုးသတ်ခဲ့ကြသည်။ ယင်းပွဲတွင် မိုက်တိုင်စန်က ဟိုလီဖီး၏ နားရွက်ကို ကိုက်ခဲ့သဖြင့် မိုက်တိုင်စန် ရေပန်းစားမှုကျဆင်းခဲ့ရသည်။

ယခုအခါ ဟိုလီဖီး၏အသက်မှာ ၄၅နှစ်ရှိနေပြီး မိုက်တိုင်စန်မှာ ၄၁နှစ်ရှိပြီဖြစ်သည်။ နှစ်ဦးစလုံး အသက်အရွယ်ရလာပြီဖြစ်သော်လည်း လက်ဝှေ့ကြိုးဝိုင်းအတွင်း ကြောက်မက်ဖွယ်ရာ လက်ဝှေ့ကစားသမားအဖြစ် ရပ်တည်နေနိုင်ဆဲဖြစ်သည်။
(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ဒေါသကို ရှေ့တန်းတင်ခဲ့ရာဝယ်....

ဗြိတိန်နိုင်ငံ နော်တင်ဟမ်မြို့တွင် အသက် ၄၀ အရွယ်ရှိ မာ့ခ်ဖို့ဘက်စ်နှင့် ဇနီး အသက် ၂၆နှစ်ရှိ ဖိုးဖို့ဘက်စ်၊ မာ့ခ်ဖို့ဘက်စ်၏ညီ အသက် ၂၂နှစ်အရွယ်ရှိ စတီဖင်ဖို့ဘက်စ်**(ယာပုံ)**တို့ စုစုစည်းစည်း ချစ်ခင်စွာ နေထိုင်ကြသည်။ သို့သော်လည်း မာ့ခ်ဖို့ဘက်စ်နှင့် ၎င်း၏ညီ စတီဖင်ဖို့ဘက်စ်တို့တွင် မကောင်းသော အကျင့်ရှိကြသည်။ ယင်းမှာ နှစ်ဦးစလုံး ဒေါသကို ထိန်းချုပ်နိုင်စွမ်းမရှိကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် ဒုက္ခတွေ့ခဲ့ကြရသည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က ဖိုးဖို့ဘက်စ်သည် ကိုယ်တိုင်ကားမောင်းလျက် ကုန်တိုက်တစ်ခုသို့ ဈေးဝယ်ထွက်ခဲ့သည်။ သူ့ကားထိုးချိန်တွင် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော အမျိုးသားကြီးတစ်ဦးက သူ့နေရာတွင် ကားမထိုးရန် တားမြစ်ရာမှ စကားများခဲ့ကြသည်။ ဖိုးသည် ထိုအကြောင်းကို လက်ကိုင်ဖုန်းမှတစ်ဆင့် ခင်ပွန်းမာ့ခ်အား တိုင်ခဲ့သည်။ မာ့ခ်က ၎င်းအမျိုးသားကြီး၏ ကားနံပါတ်ကို မှတ်သားခိုင်းပြီး အရာရှိတစ်ဦး၏ အကူအညီဖြင့် ယင်းအမျိုးသား၏ လိပ်စာကို ရှာဖွေတွေ့ရှိသွားခဲ့သည်။

ဒေါသမထွက်သင့်သော အသေးအဖွဲ့ကိစ္စကို ဒေါသထွက်နေသော မာ့ခ်နှင့် စတီဖင်တို့သည် အဆိုပါ အမျိုးသားကြီး၏ နေအိမ်အပြင်ဘက်မှနေပြီး ပြတင်းပေါက်မှတစ်ဆင့် အုတ်ခဲဖြင့် ပစ်ခဲ့သည်။ နှလုံးရောဂါရှိသော အသက် ၇၉နှစ်ရှိ ဘားနတ်ဂီးလ်ဘာ့ထ်မှာ အိမ်တွင်းသို့ အုတ်ခဲ ထိမှန်သံကြောင့် ချက်ချင်းနှလုံးသွေးရပ် သေဆုံးခဲ့သည်။ ထိုအချိန်တွင် ဂီးလ်ဘာ့ထ်နှင့် အသက် ၅၅နှစ်အရွယ်ရှိ ဇနီးဘက်တီတို့ ရုပ်မြင်သံကြား ကြည့်ရှုနေချိန်ဖြစ်သည်။

တရားစွဲဆို

ထိုဖြစ်ရပ်ကြောင့် ခဲဖြင့်ပစ်ခဲ့သူ စတီဖင်သည် လူသတ်မှုဖြင့် တရားရင်ဆိုင်နေရကာ မာ့ခ်ဖို့ဘက်စ်နှင့် ဖိုးဖို့ဘက်စ်တို့အား ရာဇဝတ်မှုကို ပူးပေါင်းကြံစည်မှုဖြင့် တရားစွဲဆိုခဲ့ပြီး လိပ်စာရှာဖွေပေးသူ အသက် ၄၈နှစ်အရွယ်ရှိ အရာရှိစတီဖင်စမစ်အား ဒဏ်ငွေ ပေါင် ၁၂၀၀ တပ်ရိုက်ခဲ့သည်။

ဤဖြစ်ရပ်တွင် ဒေါသထွက်စရာမဟုတ်သည့် အသေးအဖွဲ့ကိစ္စကို ဒေါသထွက်ခဲ့သူ ဖိုးဖို့ဘက်စ်သည် ခင်ပွန်းဖြစ်သူ မာ့ခ်ဖို့ဘက်စ်နှင့် မတ်ဖြစ်သူ စတီဖင်ဖို့ဘက်စ်တို့ကို ရန်မီးပွားခိုင်းရာမှ ကြမ္မာဆိုးကို ဖန်တီးခဲ့သူများအဖြစ်သို့ ရောက်ရှိသွားသည့်အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ မှုခင်းဖြစ်ရပ်အဖြစ် ရေးဖွဲ့လိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ (၂၀၀၇) ခုနှစ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်ကြည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး(၂၀၀၈) က ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ဆုံးဖြတ်ချက်(၄)ရပ်တို့ကို နှစ်ပတ်လည်အစည်းအဝေးက အတည်ပြုကြောင်း ကြေညာစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

သဘာပတိ

နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် ဒေါ်လိန်းမောင်းပန်က ဆောင်ရွက်သည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အစီရင်ခံစာများကို ပြည်နယ်နှင့်တိုင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက တင်ပြကြရာတွင် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက လည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးကလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက လည်းကောင်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် သဘာပတိ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပြန်လည်သုံးသပ် ဆွေးနွေးသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ ၂၀၀၇ ခုနှစ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက်ကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးခြင်းနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ ခြုံငုံသုံးသပ်ဆွေးနွေးခြင်းများကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် ဒေါ်လိန်းမောင်းပန်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ ၂၀၀၇ ခုနှစ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးသည်။

ခေတ္တရပ်နား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးက ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်များ အတည်ပြုခြင်းကို မွန်းလွဲ ၁၂ နာရီခွဲတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင် ဒေါ်ခင်မိုးဥက ဆောင်ရွက်သည်။

အတည်ပြု

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်ကြည်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး (၂၀၀၈)က ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ဆုံးဖြတ်ချက်(၄)ရပ်တို့ကို နှစ်ပတ်လည် အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သုံးသပ်ချက်များ၊ အကြံပြုချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆွေးနွေးပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည့်အတွက် မိမိတို့ အသင်းကြီးအနေဖြင့် မကြာမီ ကျင်းပတော့မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို အတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်ပြောကြား၍ မွန်းလွဲပိုင်းတွင် နှစ်ပတ်လည် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

နေပြည်တော် မတ် ၅

ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) Micro Credit Scheme လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်အဖွဲ့ဝင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စန်းရီက ASEAN Micro Credit အစည်းအဝေး အတွေ့အကြုံများနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ထွန်းဖောင်ဒေးရှင်း စာပေဆုများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ရန်ကုန် မတ် ၅

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း စာပေဆုများအတွက် ယှဉ်ပြိုင်လိုသော် ၂၀၀၇ ခုနှစ်ထုတ် စာအုပ်များနှင့် ရက်စွဲအကန့်အသတ်မရှိ စာမူတို့ကို ၂၀၀၈ ခုနှစ် စက်တင်ဘာလကုန်အတွင်း တင်သွင်းကြရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။

ထပ်မံနှိုးဆော်

အကျုံးဝင်သည့် ဘာသာရပ်များမှာ စီးပွားရေး၊ ကျန်းမာရေး၊ သမိုင်း၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိ၊ ရှေးဟောင်းစာပေ၊ ရည်ညွှန်းစာပေ၊ ကလေးနှင့်လူငယ်ဆိုင်ရာတို့အပြင် နောက်ထပ်ဘာသာရပ်တစ်ခုအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်စာမူတို့ကိုလည်း အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားပေးပို့နိုင်ကြောင်း ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီက ထပ်မံနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

လှိုင်မြစ်ကူး (ရွှေပြည်သာ) တံတားအဝင် ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် မတ် ၅

လှိုင်မြစ်ကူး (ရွှေပြည်သာ) တံတားအဝင် ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၃ ရက်မှစ၍ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားသို့ လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားသို့ လည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

မီးထွန်းပြသထား

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၃၄၅ ပေဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၃၆ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပြီး မဝင်ရသည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံးမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်း သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဥပဒေအရာရှိ မွမ်းမံသင်တန်းဆင်း

နေပြည်တော် မတ် ၅

ရှေ့နေချုပ်ရုံးက ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ ပဲခူးတိုင်း မင်းလှမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်သန္တာအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဆွေဆွေစိုးနှင့် တတိယဆုရ ရန်ကုန်တိုင်း သာကေတမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်သန့်သန့်တို့အား ဂုဏ်ပြုချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် စိမ်းလဲ့ကန်သာလမ်း၌ လူငါးဦး သေနတ်ဒဏ်ရာများဖြင့် သေဆုံး အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာသို့ လာရောက်သတင်းပေးပို့နိုင်

နေပြည်တော် မတ် ၅

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၉)ရပ်ကွက် စိမ်းလဲ့ကန်သာလမ်း ခြံအမှတ်(၁၂၆)၌ မတ် ၃ ရက် ညနေပိုင်းက သေနတ်ဒဏ်ရာများဖြင့် လူငါးဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

စစ်ဆေး

သက်ဆိုင်ရာတာဝန်ရှိသူများသည် ည ၇ နာရီခန့်တွင် အဆိုပါနေအိမ်သို့ရောက်ရှိပြီး စစ်ဆေးရာ နေအိမ်အပေါ်ထပ် လှေကားထိပ်၊ အိပ်ခန်းခုတင်ပေါ်နှင့် ခုတင်ဘေး ဝဲ၊ ယာတို့၌ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားတစ်ဦး၊ အမျိုးသမီးလေးဦးတို့အား တွေ့ရှိခဲ့ရကြောင်း၊ ၎င်းတို့မှာ ဦးချာလီ(ခ)ဦးစောကြည်ဖ အသက်(၆၀)၊ (ဘ) ဦးခွန်ပန်းစိန်ဆိုသူမှာ ယာလက်ကောက်ဝတ် ကျည်ဆန်ထုတ်ချင်းပေါက်၊ ဝဲချိုစောင်းနှင့် ယာမျက်လုံးအောက် ဖောက်ဝင် ဒဏ်ရာရရှိ၊ ဒေါ်စန်းစန်းမြင့် (၅၈)နှစ် (ဘ) ဦးမြမောင်ဆိုသူမှာ ဝဲဘက်နားနောက်နှင့် ဝဲမျက်ခုံးအောက် ကျည်ဆန်ဝင်ထွက်ဒဏ်ရာ၊ ယာ နားထင်ရှေ့ သေနတ်ဒဏ်ရာရရှိ၊ မမြစန္ဒာ (၃၆)နှစ် (ဘ) ဦးစောကြည်ဖ ဆိုသူမှာ ယာနားထင်နှင့် ဝဲဘက်ပါး ကျည်ဝင်ထွက်ဒဏ်ရာ၊ ယာလက်ကောက်ဝတ် ကျည်ဖောက်ဝင်ဒဏ်ရာရရှိ၊ မနှင်းပွင့်အေး (၂၇)နှစ် (ဘ) ဦးစောကြည်ဖ ဆိုသူမှာ ယာနားထင်နှင့် ယာမျက်ခုံးထောင့် ကျည်ဝင်ထွက်ဒဏ်ရာရရှိ၊ မအယ်ဖော (၁၅)နှစ်ဆိုသူမှာ ဝဲဘက်နားထင် ဖောက်ဝင်ဒဏ်ရာရရှိတို့ ဖြစ်ကြကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတာဝန်ရှိသူများက အဖြစ်မှန်ပေါ်ပေါက်ရေးနှင့် တရားခံဖမ်းဆီးရမိရေးတို့အတွက် စုံစမ်းဖော်ထုတ်လျက်ရှိသည်။

သတင်းပေးပို့နိုင်

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းပေးနိုင်သူရှိပါက သက်ဆိုင်ရာသို့ လာရောက် သတင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စီးပွား/ကူးသန်း အပြိုင်အဆိုင်ဖြစ်နေသည့် မြန်မာလိဂ် အမှတ်ပေးချန်ပီယံဆု

သတင်းမှတ်စုနှင့် ဓာတ်ပုံ–ကိုကိုစိုးညွှန့်

ရန်ကုန် မတ် ၅

ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတွင် ကျင်းပနေသော အမှတ်ပေးဘောလုံးပြိုင်ပွဲများမှာ ဇာတ်ရှိန်အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ချန်ပီယံဆုအတွက်လည်းကောင်း၊ တန်းမဆင်းရရေးအတွက် လည်းကောင်း၊ မျှော်မှန်းချက်၊ ရည်မှန်းချက်ကိုယ်စီဖြင့် အကြိတ်အနယ် ပြိုင်ဆိုင်လျက်ရှိနေပေသည်။ ထို့အတူ ၂၀၀၇–၂၀၀၈ ဘောလုံးရာသီ အဆင့်မြင့်တန်း(မြန်မာလိဂ်)အမှတ်ပေးဘောလုံးပြိုင်ပွဲမှာ ယခင်နှစ်ပြိုင်ပွဲများနှင့်မတူ ချန်ပီယံဆုအတွက်၊ တန်းမဆင်းရရေးအတွက် ပြိုင်ဆိုင်မှုများ ပြင်းထန်လျက်ရှိသည်။

အကြိတ်အနယ်

လက်ရှိ အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုအတွက်

"အမှတ်ပေး ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာ ဖြစ်နေ၍ မိမိတို့အနိုင်ရအောင် အစွမ်းကုန် ကြိုးစားသွားမယ်"
ဦးမောင်မောင်လောက်
ကမ္ဘောဇအသင်းအတွင်းရေးမှူး

အသင်းသုံးသင်း၊ တန်းမဆင်းရရေးအတွက် အသင်းခုနစ်သင်း အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိနေသည်။ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် အသင်းသုံးသင်းမှာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စီးပွား/ကူးသန်းတို့ ဖြစ်ပြီး အောက်တန်းမဆင်းရရန် ရုန်းကန်နေရသော အသင်းများမှာ ဆောက်လုပ်ရေး၊ ပြည်ထဲရေး၊ Royal Eleven၊ လယ်/ဆည်၊ စွမ်းအင်၊ သစ်တောရေးရာနှင့် တပ်မတော်(ကြည်း)တို့ဖြစ်ကြသည်။ ချန်ပီယံဆုအတွက် သဲကွဲစွာပေါ်ထွက်နိုင်မည့် အဖြေတစ်ခု မတ် ၇ရက် **(မနက်ဖြန်)** တွင်ထွက်ပေါ်နိုင်သော်လည်း တန်းဆင်းဇုန်မှာမူ ပြိုင်ပွဲပြီးဆုံးသည်အထိ ရုန်းကန်ရဖွယ်ရှိနေသည်။

ရပ်တည်နေ

မတ်၇ရက်တွင်လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇတို့၏ပွဲစဉ်မှာ အမှတ်ပေး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲ ဖြစ်လာမည်ဖြစ်သည်။ မတ် ၄ ရက် ပွဲစဉ်များအပြီးတွင် ကမ္ဘောဇအသင်းက ၁၂ပွဲကစား ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ၂၉မှတ်ဖြင့် ပထမနေရာတွင်လည်းကောင်း၊ ဘဏ္ဍာ/အခွန်က ၁၁ပွဲကစား ရှစ်ပွဲနိုင် နှစ်ပွဲသရေ တစ်ပွဲရှုံး ၂၆မှတ်ဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ စီးပွားကူးသန်းက ၁၁ပွဲကစား ၁၀ပွဲနိုင် တစ်ပွဲရှုံး ၂၅မှတ်ဖြင့် **(စီးပွား/ကူးသန်းမှာ ငါးမှတ်လျော့ပြစ်ဒဏ်ဖြင့် ကစားရခြင်းဖြစ်သည်)** တတိယနေရာတွင်လည်းကောင်း ရပ်တည်နေကြသည်။ ကမ္ဘောဇက ဘဏ္ဍာ/အခွန်အသင်းနှင့်လည်းကောင်း၊ ဘဏ္ဍာ/အခွန်က ကမ္ဘောဇ၊ ကာကွယ်ရေးတို့နှင့် လည်းကောင်း၊ စီးပွား/ကူးသန်းက တပ်မတော်(ကြည်း)၊ မြို့တော်စည်ပင်တို့နှင့် လည်းကောင်း ကစားရန် ကျန်ရှိနေသေးသည်။

မတ် ၇ ရက်တွင် ကစားမည့် ကမ္ဘောဇနှင့် ဘဏ္ဍာ/အခွန်ပွဲတွင် အနိုင် အရှုံးရလဒ်ထွက်ပေါ်ပါက အနိုင်ရသောအသင်း ဗိုလ်စွဲနိုင်မည်ဖြစ်ပြီး သရေကျခဲ့လျှင်မူ လက်ကျန်နှစ်ပွဲကို အနိုင်ရဖွယ်ရှိနေသည့် စီးပွား/ကူးသန်းက ဗိုလ်စွဲသွားပေလိမ့်မည်။ ကမ္ဘောဇ အနိုင်ရလျှင် ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံအသင်းပေါ်ထွက်မည်ဖြစ်ပြီး ဘဏ္ဍာ/အခွန်အနိုင်ရခဲ့လျှင်မူ ချန်ပီယံဘွဲ့ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ရေးနှင့်ပွဲကို ထပ်မံ အနိုင်ကစားရမည်ဖြစ်သည်။

အပြိုင်ကြဲ

ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇတို့၏ ပွဲစဉ်သည် အမှတ်ပေးပြိုင်ပွဲ၏ ဗိုလ်လုပွဲသဖွယ်ဖြစ်နေပြီး အနိုင်ရရှိရေး သူနိုင်ကိုယ်နိုင် အပြိုင်ကြဲရမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇတို့၏ တွေ့ဆုံမှု အနေအထားအရ တစ်သင်းသင်းက အသာရခြင်း မရှိသေးပေ။ ယမန်နှစ် ဘောလုံးရာသီအမှတ်ပေး ပြိုင်ပွဲတွင် ကမ္ဘောဇက ဘဏ္ဍာ/ အခွန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားသည်။ ကမ္ဘောဇနှင့် ဘဏ္ဍာ/အခွန်ပွဲမတိုင်မီ ချန်ပီယံဆုအတွက် မျှော်မှန်းနိုင်သည့် ဘဏ္ဍာ/အခွန်၊ စီးပွားကူးသန်းနှင့် ကမ္ဘောဇအသင်းတို့အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကမ္ဘောဇအသင်း

ကမ္ဘောဇအသင်းအတွင်းရေးမှူး ဦးမောင်မောင်လောက်က "ဘဏ္ဍာ/

"ကမ္ဘောဇပွဲကို အကောင်းဆုံး လူစာရင်းဖြင့် အနိုင်ရအောင် ကြိုးစားကစားသွားမှာပါ"
ဦးသန့်ဇင်ဝင်း
(လက်ထောက်ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန)
ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ

အခွန်နှင့်ပွဲအတွက် မြို့တော်စည်ပင်နှင့် ကစားခဲ့သည့် မတ် ၄ရက် ပွဲအပြီးကတည်းက အထူးပြင်ဆင်နေပါကြောင်း၊ ဘဏ္ဍာ/အခွန်အသင်း၏ အားနည်းအားသာချက်များကို လေ့လာထားပြီး ကစားသမားများကို စာတွေ့၊လက်တွေ့ သင်ကြားပေးနေကြောင်း၊ ဘဏ္ဍာ/အခွန်အသင်းမှာ လက်ရွေးစင် ကစားသမား အများစုပါပြီး အတွေ့အကြုံ ရင့်ကျက်သည့် အသင်း တစ်သင်းဖြစ်ကြောင်း၊ သို့သော် ဒုတိယပိုင်းတွင် ကစားအားနှင့် ခံနိုင်ရည်တို့ ကျသွားတတ်ကြောင်း၊ ဒါကြောင့် မိမိတို့က ပထမပိုင်းတွင် ဂိုးမပေးရအောင် ပိတ်ဆို့ကစားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာ/အခွန်နှင့်ပွဲတွင် လူစုံပါဝင်နိုင်မည်ဖြစ်ကြောင်း၊ မြို့တော်စည်ပင်ကို အနိုင်ရရှိ၍ ကျပ် ၁၀သိန်း ချီးမြှင့်ခဲ့ပြီး ယခုဗိုလ်စွဲလျှင် ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဟု ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ပြောကြားထားပါကြောင်း၊ အမှတ်ပေး ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာ ရောက်နေ၍ မိမိတို့ အနိုင်ရအောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် ဘဏ္ဍာ/အခွန်ကို ၂၀၀၅–၂၀၀၆ ကွင်းဖွင့်ဗိုလ်လုပွဲ၊ ၂၀၀၆–၂၀၀၇အမှတ်ပေးပွဲနှင့် ၂၀၀၇–၂၀၀၈ကွင်းဖွင့်ပြိုင်ပွဲတို့တွင် အနိုင်ရရှိထားဖူးကြောင်း၊ မိမိတို့အသင်းအမှတ်ပေးချန်ပီယံဆု ဆွတ်ခူးခဲ့လျှင် ဧပြီနောက်ဆုံးပတ်၌ ယှဉ်ပြိုင်ရမည့် AFC Cup ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် တွန်းအားတစ်ရပ်ဖြစ်သွားမည်ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

ဘဏ္ဍာ/အခွန်အသင်း

ဘဏ္ဍာ/အခွန်အသင်းအုပ်ချုပ်သူ ဦးသန့်ဇင်ဝင်း (လက်ထောက် ညွှန်

ကမ္ဘောဇတိုက်စစ်မှူး ထွန်းမင်းဦးနှင့် စီးပွား/ကူးသန်း နောက်တန်း မိုးဝင်းတို့ ဤသို့ရင်ဆိုင်အတွေ့. . .။

ကြားရေးမှူး အကောက်ခွန်ဦးစီးဌာန) က "မိမိတို့အနေဖြင့် ကမ္ဘောဇကို အနိုင်ရရုံဖြင့် ဗိုလ်စွဲမည်ဟု မပြောနိုင်သေးကြောင်း၊ ကာကွယ်ရေးနှင့် ပွဲကျပ် တစ်ပွဲ ထပ်မံကစားရန်ကျန်ရှိနေသေးကြောင်း၊ မိမိတို့အသင်းမှာ ကမ္ဘောဇနှင့်ပွဲတွင် သရေ(သို့မဟုတ်) ရှုံး၍မရဘဲ အနိုင်ကစားရမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ ယခုအမှတ်ပေးပြိုင်ပွဲ၌ အမာခံများ မကစားနိုင်သည့်အခါတွင် မမျှော်လင့်သည့် ရလဒ်များထွက်ပေါ်ခဲ့ကြောင်း၊ အမာခံများမကစားနိုင်သည့်ပွဲများတွင် နှစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့ကြောင်း၊ လူစုံပြန်ပါလာသည့်အခါတွင် ခြေစွမ်းပြနေသည့် စီးပွား/ကူးသန်းကိုပင် အနိုင်ရခဲ့ကြောင်း၊ ကစားပုံပြောင်းလိုက်သော်လည်း အရေးပါခဲ့ကြောင်း၊ လူငယ်ကစားသမားများကို စမ်းသပ်ပွဲထုတ်သည့် အချို့ပွဲများတွင် မမျှော်လင့်သည့် ရလဒ်များထွက်ပေါ်ခဲ့ကြောင်း၊ ယခုလူကြီးလူငယ်ပေါင်းစပ်ပြီး အသင်းကို အကောင်းဆုံးပုံစံရအောင် ပြင်ဆင်နေကြောင်း၊ ကမ္ဘောဇနှင့်ပွဲကို အကောင်းဆုံးလူစာရင်းဖြင့် အနိုင်ရအောင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ဌာနမှ အကြီးအကဲများက ပွဲစဉ်အလိုက် အနိုင်ရလျှင် ဆုကြေးချီးမြှင့်ခြင်းများရှိခဲ့ကြောင်း၊ ယခု ဗိုလ်စွဲလျှင်လည်း ထိုက်တန်သည့်ချီးမြှင့်မှုများ ပြုလုပ် သွားမည်ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

စီးပွား/ကူးသန်း

စီးပွား/ကူးသန်း အုပ်ချုပ်သူ ဦးမြင့်သိန်းက "မိမိတို့ အသင်း အကောင်းဆုံး ခြေစွမ်းရပြီး နိုင်ပွဲများဆက်ခဲ့သော်လည်း ဘဏ္ဍာ/အခွန်ကို အရေးနိမ့်လိုက်၍ ချန်ပီယံဆုအတွက် မသေချာသည့် အနေအထားဖြစ်ခဲ့ရကြောင်း၊ ဦးဆောင်ဂိုးများ သုံးကြိမ်ပေးလိုက်ရ၍လည်း အနိုင်ရရန် ခက်ခဲသွားခဲ့ကြောင်း၊ ဘဏ္ဍာ/အခွန်ကို သရေကစားနိုင်ခဲ့လျှင် ချန်ပီယံဆုကို ယခုထက် ပိုမိုမျှော်မှန်းနိုင်မည် ဖြစ်ပါကြောင်း၊ ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇတို့ သရေကျခဲ့လျှင် မိမိတို့အတွက် ချန်ပီယံမျှော်လင့်ချက်များ ရှင်သန်လာမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှာလည်း မြို့တော်စည်ပင်နှင့် ပွဲကျပ်ကစားရန်ကျန်ရှိနေသေးကြောင်း၊ အမှတ်ပေးချန်ပီယံဆုအတွက် အကောင်းဆုံး အနေအထားတွင် ရှိခဲ့သော်လည်း ယခုအခြေအနေအရ လက်ကျန်နှစ်ပွဲကို အနိုင်ကစားပြီး အကောင်းဆုံး အဆင့်ရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း"ပြောကြားသည်။

မတ်၇ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်မည့် ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇတို့ပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သည့်အလျောက် မြန်မာ့ဘောလုံးပရိသတ်များအတွက် အကြိုက်တွေ့မည့်ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဘဏ္ဍာ/အခွန် တိုက်စစ်မှူး ကျော်သူရ စွမ်းအင်နောက်တန်းကို ဤသို့ ထိုးဖောက် ကစားခဲ့သည်။

မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ
မတ်၄ရက် ကစားပြီး အသင်းများ၏ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	အသားတင်ဂိုး	ရမှတ်
ကမ္ဘောဇ	၁၂	၉	၂	၁	၂၉	၈	+၂၁	၂၉
ဘဏ္ဍာ/အခွန်	၁၁	၈	၂	၁	၂၃	၈	+၁၅	၂၆
စီးပွား/ကူးသန်း	၁၁	၁၀	–	၁	၃၄	၉	+၂၅	၂၅
မြို့တော်စည်ပင်	၁၀	၄	၃	၃	၁၂	၁၁	+၁	၁၅
ပို့ဆောင်ရေး	၁၀	၄	၃	၃	၇	၁၁	–၄	၁၅
ကာကွယ်ရေး	၈	၄	၂	၂	၁၇	၁၈	–၁	၁၄
မြန်မာ့မီးရထား	၁၁	၄	၂	၅	၁၄	၁၆	–၂	၁၄
ဆောက်လုပ်ရေး	၁၁	၂	၅	၄	၁၁	၁၉	–၈	၁၁
ပြည်ထဲရေး	၁၁	၂	၄	၅	၁၁	၁၄	–၃	၁၀
လယ်/ဆည်	၁၁	၂	၄	၅	၁၁	၁၈	–၇	၁၀
Royal Eleven	၁၁	၂	၃	၆	၉	၂၂	–၁၃	၉
စွမ်းအင်	၉	၂	၂	၅	၈	၁၁	–၃	၈
သစ်တော	၉	၁	၂	၆	၅	၁၃	–၈	၅
တပ်မတော်(ကြည်း)	၉	–	၂	၇	၇	၂၀	–၁၃	၂

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် တပို့တွဲလကွယ်နေ့
(ဥပုသ်နေ့)
၆–၃–၂၀၀၈ ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၆။ အကပဒေသာ
- ၈း၂၀ ၇။ (၆၃)နှစ်မြောက် တပ်မတော် နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၆း၅၅ ၅။ တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၃ ခုနှစ်)
- ၁၇း၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇း၂၀ ၇။ အတီးပြိုင်ပွဲ
- ၁၇း၂၅ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇း၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အပိုင်း–၃)
- ၁၇း၅၀ ၁၀။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း–၃)
- ၁၈း၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၃။ **သူနဲ့ပဲနေတော့မယ်** ငှက်ပျောကြော်၊ ကြူကြူသင်း၊ ဒါရိုက်တာ–ရွှေဦး(MRTV)
- ၁၈း၄၅ ၁၄။ မိတ္ထီလာ ဝါကြိတ်စက်ရုံနှင့် ဂွမ်းမွေးနှင့် ချည်အရည်အသွေး စမ်းသပ်ခြင်း
- ၁၉း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံဆည်းခြင်း** (အပိုင်း–၁၃)
- ၁၉း၄၅ ၁၆။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ စဉ်တိုက်လှုပ်ရှားမှု **မိုးယံမှကြယ် အမှတ်စဉ်(၂)** (နာဂဒေသနှင့်ဝေ–ယံ–လေရှီးဒေသသို့စည်းရုံးရေးနှင့် ခရီးကြမ်း လမ်းလျှောက်ခရီးစဉ်) (အပိုင်း–၂)
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း–၅)
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

ယောနယ်အသင်း ဘွဲ့ခံဆရာတော်များပူဇော်မည်

ရန်ကုန် မတ် ၅

ယောနယ်ဇာတိဖွား ဘွဲ့ခံဆရာတော်များအား (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မတ် ၂၂ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် အမှတ် ၂၀၂ လမ်း–၄၀ ယောနယ်အသင်းတိုက်၌ ပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးအေးမောင် အမှတ်–၅၂ လမ်း–၃၀၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ အမှတ် ၁၄၀၊ ၃၇လမ်း၊ အတွင်းရေးမှူး ဦးသာလှ အမှတ် ၉၅ ဆိပ်ကမ်းသာလမ်းသို့ ဆက်သွယ်လှူဒါန်းပူဇော်နိုင်ပါရန် ယောသား၊ ယောသူများနှင့် အသင်းဝင်များအား နှိုးဆော်ထားကြောင်း သိရသည်။

ပြည်နယ်၊ တိုင်းအသီးသီးမှ ယောနယ်ဇာတိဖွား ဘွဲ့ခံဆရာတော်များကလည်း ယောနယ်အသင်းနှင့် ဆက်သွယ်၍ အပူဇော်ခံတော်မူကြပါရန် လျှောက်ထားကြောင်း သိရသည်။

(က–ပ)

တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲဆက်

နေပြည်တော် မတ် ၅

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ စစ်ရေးပြကွင်း(သစ်တပ်)၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပသည်။ အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲအမှတ်ပေး အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိစစ်သည်များနှင့် စစ်တီးဝိုင်းအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

ယနေ့ပြိုင်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းကထာဝစဉ်နုပျိုနေတဲ့ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ နိုင်ငံအကျိုး ရည်မျှော် ဒို့တပ်မတော်၊ မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က ဒို့စစ်သည်၊ ပြည်သူ့သားကောင်း၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့် လည်းကောင်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ ရဲသွေးရဲမာန်၊ မျိုးမြန်မာပြည်ရှာ စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက တူယှဉ်ကာတိုက်စို့၊ထာဝစဉ်နုပျိုနေတဲ့ဒို့တပ်မတော်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ အောင်လံဝင့်ဝင့် သမိုင်းဆင့်ဆင့် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၉၉) ခြေမြန်တပ်မ ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က ပြည်သူ့တပ်မတော်၊ ပြည်သူ့သားကောင်း၊ ဒို့စစ်သည်၊ စံပြဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က စံပြ ဒို့တပ်မတော်၊ ရဲသွေးရဲမာန်၊ ပြည်သူ့သားကောင်း၊ မြန်မာတို့ရဲ့ တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ဖက်သောမိဘများအားအမှူးထား၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်သပြေလမ်း အမှတ် ၁၂ နေ ဒေါက်တာ ဦးထွန်းဦး-ဒေါက်တာ နုနုအောင်၊ သား ဒေါက်တာ ဝဏ္ဏထွန်းဦး၊ ဒေါက်တာသူရထွန်းဦး၊ မောင်ဆီဇာထွန်းဦး (တတိယနှစ်၊ ဆေး-၁) မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၀၈(ကြာသပတေးနေ့)

AM & PM

၇:၀၀- ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅- ၁:၀၅	**'အလှုဆုံးပိုင်ရှင် 'တရားတော်** (ဆရာတော် အရှင်ပုညာနန္ဒ)
၈:၀၀- ၂:၀၀	နိဗ္ဗာန်ဆီသို့ အမေးအဖြေများ
၈:၂၀- ၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅- ၂:၂၅	ပြည်တွင်းအနုပညာရေးရာ
၈:၄၅- ၂:၄၅	ပညာရှင်နဲ့မွေးပုံ့သင်းထုံ စာပန်းရုံ
၉:၀၀- ၃:၀၀	ပြည်တွင်း သတင်းအကျဉ်း
၉:၁၀- ၃:၁၀	သွားမယ် စားမယ် (Utopia Cafe)
၉:၃၀- ၃:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅- ၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀- ၃:၄၀	မန်းရွှေစက်တော်မှ ခြေတော်ရာဦးဖူးရအောင်
၉:၅၅- ၉:၅၅	မိုးလေဝသခန့်မှန်းချက်
၁၀:၀၀- ၄:၀၀	စက်မှုစီးပွား ထုတ်ကုန်အား (ကော်ဖီမှုန့် ထုတ်လုပ်မှု နည်းစနစ်များ)
၁၀:၂၅- ၄:၂၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၀:၄၅- ၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅- ၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀- ၅:၀၀	နယ်ဥ်ဆန်းထွင် ပန်းအလှဆင်
၁၁:၂၀- ၅:၂၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၂၅- ၅:၂၅	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနဲ့ ဖူးမဝတဲ့ ဆံတော်ရှင်ဦးဖိနစေတီ
၁၁:၃၅- ၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀- ၅:၄၀	ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်(အပိုင်း-၃)
၁၂:၁၀- ၆:၁၀	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁၂:၄၀- ၆:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅- ၆:၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုင်းရင်းဆေးဝါးများထုတ်လုပ်မှု ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် အရည်အသွေးစိတ်ချမှု အာမခံနိုင်သော တိုင်းရင်းဆေးဝါးများထုတ်လုပ်မှု ဆွေးနွေးပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ပင်မရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တိုင်းရင်းဆေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာတင်ညွှန့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက Quality Assured Traditional Medicine Drugသုတေသနနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွှန့်က Quality နှင့် GACP (Good Agricultural Collection Practice)နှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ Fame တိုင်းရင်းဆေး ထုတ်လုပ်ရေးမှ ဒေါက်တာ ခင်မောင်လွင်က GMP (Good Manufacturing Practice) နှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းရင်းဆေးထုတ်လုပ်သူများ ကိုယ်စားလှယ် ရှပ်ပိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးဘိုကြီးက တိုင်းရင်းဆေးဝါးထုတ်လုပ်မှု လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်းဆွေးနွေးတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလက (၉)အင်းစိန် (ယခင်) စိန်ဂျော့ တတိယအကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၉) အလက(ယခင်)စိန်ဂျော့တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၁၉၆၅ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည် ဖြစ်သည်။

ပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို အလက(၉)အင်းစိန် ဖုန်း-၆၄၀၁၆၉၊ ဦးခင်ချို ဖုန်း-၀၉-၅၁-၃၃၁၀၂၊ ဒေါ်အေးအေးချစ် ဖုန်း-၆၅၂၂၂၈၊ ဒေါ်ညွှန့်ညွှန့် စိန် ဖုန်း-၆၆၆၈၆၅၊ ဒေါ်စီစီမာ ဖုန်း-၆၄၃၈၇၉၊ ဒေါက်တာယုယုလွင် ဖုန်း-၅၆၅၇၉၆၊ ဦးမြတ်စိုး ဖုန်း-၆၆၆၅၁၅နှင့် ဦးတင်ထွန်းဦး ဖုန်း-၂၅၅၁၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မီးဖိုချောင်သုံးသီးနှံ စိုက်ပျိုးမှုစစ်ဆေး ကြပ်မတ်

ရန်ကုန် မတ် ၅

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း မီးဖိုချောင်သုံးသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ကြည့်ရှုစစ်ဆေးကြပ်မတ် ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်္ဂလာတောင်ညွန့်၌ သင်တန်းများဖွင့်

ရန်ကုန် မတ် ၅

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၃၃)၊ နိုင်ငံတကာ ဆက်ဆံရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် အလှူငွေများပေးအပ်ရာ မြို့နယ်စီး/ထောက်ကူအဖွဲ့က လှူဒါန်းသော အလှူငွေကျပ်နှစ်သိန်းကို တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းကလည်းကောင်း၊ စက်ဆန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျင်သိန်း လှူဒါန်းသည့် အလှူငွေကျပ် ငါးသောင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုကလည်းကောင်း လက်ခံယူသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

နေ့ရာသီပညာဒါန သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် လေးထောင့်ကန်လမ်းမကြီး ဘဝမြင့်မှတ်တိုင်အနီးရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်၌ ပဓာနဆရာတော် ဘဒ္ဒန္တရေဝတ ဦးစီးပြီး နွေရာသီပညာဒါနအဖြစ် အင်္ဂလိပ်၊ တရုတ်စကားနှင့် ဂျပန်ဘာသာ(ရေး၊ ဖတ်၊ ပြော) အထူးသင်တန်းများကို ကျွမ်းကျင်သော ဝါရင့်ပညာရှင်ကြီးများ ကိုယ်တိုင် စနစ်တကျဖြင့် မတ် ၈ရက်မှစ၍ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။ ဆဋ္ဌမတန်းမှစ၍ ဘွဲ့ရ၊ ဘွဲ့ကြို၊ ဘွဲ့လွန်များအထိ တက်ရောက်သင်ကြားနိုင်ပြီး သင်တန်းကာလမှာ သုံးလဖြစ်ကြောင်း သိရသည်။

အသေးစိတ် သိလိုသည်များကို ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ဖုန်း-၅၆၀၇၄၃သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(က-ပ)**

သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ ပဲခူး၌ကျင်းပ

ရန်ကုန် မတ် ၅

ပဲခူးတိုင်း သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂/၂၀၀၈)ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၈ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး **(အောက်ပုံ)**တို့က အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် သင်တန်းသား၊ သင်တန်းသူ ၄၂ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ မတ် ၈ ရက်အထိ ဖြစ်သည်။ **(က-ပ)**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ (၅၉)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၃၀ ရက် (တပေါင်းလပြည့်ကျော် ၉ရက်) (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အကြံပြုလိုသော အချက်များရှိပါက မတ် ၂၆ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ရေးသားပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

နေပြည်တော်ပျဉ်းမနား–တောင်ညိုလမ်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း နေပြည်တော်ပျဉ်းမနားခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော နေပြည်တော်ပျဉ်းမနား–တောင်ညိုလမ်း မိုင်တိုင်အမှတ် ၁၂/၀ လမ်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ခရိုင်အင်ဂျင်နီယာမှူး ဦးသန်းတိုးအောင်က နေပြည်တော်ပျဉ်းမနား–တောင်ညိုလမ်း မိုင်တိုင် ၁၂/၀ မှ ၂၂/၀ အထိ လက်ရှိ လမ်းအခြေအနေနှင့် မိုင်တိုင် ၁၂/၀ မှ ၁၄/၀ အထိ ကတ္တရာလမ်းအဆင့်ရောက်ရှိအောင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးပေး

ယင်းနောက် ဝန်ကြီးက မိုင်တိုင် ၁၂/၀ မှ ၁၄/၀ အထိလမ်းကို ကတ္တရာလမ်းအဆင့်ထိရောက်အောင် ဦးစားပေး၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် ပစ္စည်း၊ လုပ်အား အလေအလွင့်မရှိစေရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားရန်ကို မှာကြားပြီး လိုအပ်သည့်စက်ယန္တရားကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် ၂၅/၄ အထိ ရန်ကုန်–မန္တလေးအမြန်လမ်း ပန်းတင်စက်ခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာချုပ်(လမ်း) ဦးတင့်ဆန်းက ဆောင်ရွက်ပြီးလမ်းအပိုင်းနှင့် ဆောင်ရွက်ဆဲလမ်းပိုင်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လမ်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးရေးဆောင်ရွက်ရန်တို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့ အေးသာယာမြို့သစ် ရပ်ကွက်(၅) အကွက်ကြီး ၃၄နေ ဦးအောင်ခင်နှင့်သား ဦးမျိုးမြင့်အောင်အား ရည်စူး၍ ဒေါ်နွဲ့နှင့် မိသားစုက ဒေါ်နွဲ့၏(၈၂)နှစ်ပြည့်မွေးနေ့အတွက် သုတ္တန္တပိဋက အင်္ဂုတ္တရနိကာယ အင်္ဂုတ္တိုရ်ပါဠိ (၃–အုပ်) ကြေးပိဋကတ်တော် လေးချပ် တန်ဖိုးငွေကျပ် ၁၀၄၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေးဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)

မိတ္ထီလာနှင့်ကျောက်ဆည်ရှိ ပင်မဓာတ်အားခွဲရုံများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၉ ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မိတ္ထီလာခရိုင်ရှိ ၂၃၀/၃၃/၁၁ ကေဗွီ သပြေ၀ ပင်မဓာတ်အားခွဲရုံ (မိတ္ထီလာ)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) စီမံကိန်းမန်နေဂျာဦးစိုးလှိုင်နှင့်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး ဓာတ်အားခွဲရုံ အဆောက်အအုံ တည်ဆောက်ပြီးစီးမှုများနှင့် မိတ္ထီလာ–မြင်းခြံ ၂၃၀ကေဗွီဓာတ်အားလိုင်း တာဝါတိုင် ကြိုးဆွဲပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

မွန်းလွဲပိုင်းက ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် နဘဲပင်ရွာအနီးရှိဘဲလင်းပင်မဓာတ်အားခွဲရုံ(ကျောက်ဆည်)စီမံကိန်းသို့ ရောက်ရှိပြီး Switch Yard နေရာ၌ မြေပြုပြင်မှု၊ ဓာတ်အားခွဲရုံ အဆောက်အအုံ တည်ဆောက်မှုနှင့် ဘဲလင်း–တံခွန်တိုင်၊ ဘဲလင်း–အင်းကုန်းသို့ သွယ်တန်းမည့် ၁၃၂ ကေဗွီလိုင်း နှစ်လိုင်းအတွက် တာဝါတိုင် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် မတ် ၅

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇန ဟိတဓရေ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ ယောဂီအသစ်များသည် မတ် ၇ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီး ယောဂီဟောင်းများသည် မတ် ၁၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၂၁၅၈ သို့ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အော်ဘစ်မျက်စိကုအဖွဲ့ မျက်စိရောဂါလူနာများအား ခွဲစိတ်ကုသမှုများဆောင်ရွက်

နေပြည်တော် မတ် ၅

ကျန်းမာရေး ဝန်ကြီးဌာနနှင့် Orbis International တို့၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် မန္တလေးမြို့တွင် ရောက်ရှိနေသော Orbis မျက်စိကု လေယာဉ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်၍ မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးနှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Orbisမျက်စိကု လေယာဉ်ကြီးပေါ်တွင် မျက်စိရောဂါ လူနာများအား ခွဲစိတ်ကုသမှုများ ဆောင်ရွက်ကြပြီး အဆိုပါ ခွဲစိတ်ကုသနေမှုများကို လေယာဉ်ပေါ်ရှိသင်တန်း ခန်းမ၌ CCTV ဖြင့် တိုက်ရိုက်ပြသ ရှင်းလင်းခြင်း၊ အတွေ့အကြုံ ဖလှယ်ခြင်းတို့ကို ပြုလုပ်ကြရာ မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်များနှင့် ဘွဲ့လွန် ကျောင်းသားကျောင်းသူများ လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးကောင်းမြို့ ဆက်သွယ်ရေး စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ၂၉ ရက်က ကချင်ပြည်နယ်ရှိ နမ္မတီး မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်းသို့ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် မတ် ၁ ရက် နံနက်ပိုင်းက မိုးကောင်းမြို့ ဆက်သွယ်ရေးစခန်း၌ ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်ထားရှိမှု၊ အော်တိုအိတ်ချိန်း၌ ဆက်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆယ်လူလာတယ်လီဖုန်းစနစ် တပ်ဆင်ဆောင်ရွက်နေမှု၊ ဆားမော်မြို့ မိုက္ကရိုဝေ့ဗ်စခန်း၌ ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟိုပင်မြို့ မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းနှင့် အင်းတော်ကြီးဒေသရှိ နန်းမွန်ကျေးရွာအိတ်ချိန်းတို့သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အင်းတော်ကြီးဒေသရှိ ရွှေမဥ္ဇူရေလယ်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၅

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မတ် ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အသင်းများ၊ ပြည်နယ်နှင့်တိုင်းများရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းများ၊ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက် အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ လိုက်ပါကြမည့် ပုဂ္ဂိုလ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း–၂၁၄၃၄၄သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် အမက(၂၁)၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အတွက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၂ ရက်ကကျင်းပရာ ဆုရရှိခဲ့သော စတုတ္ထတန်း(က)မှ မပိုပိုချစ်အား ကျောင်းနာယက ဦးဌေးမြင့်က ဆုချီးမြှင့်စဉ်။ (က–ပ)

လူမှုထူးချွန်ဆု(တတိယဆင့်)ရရှိသူများ ပုသိမ်၌ ဂုဏ်ပြု

ရန်ကုန် မတ် ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ခုနှစ်တွင် လူမှုထူးချွန်ဆု(တတိယဆင့်) ချီးမြှင့်ခြင်းခံရသူ ဧရာဝတီတိုင်း ပုသိမ်မြို့ ကုန်သည်လမ်း အမှတ်၂၂နေ ဦးထွန်း(ခ) ကရွှန်ကူမားအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက်က ပုသိမ်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ စိုးလွင်၊ ပုသိမ်မြို့ ကရဏာအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်၊ ဟိန္ဒူဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ ဦးလှရွှေနှင့် ပုသိမ်မြို့ သူရဿတီမယ်တော်ကျောင်းဥက္ကဋ္ဌ ဦးမောင်မောင်အေးတို့က အမှာစကား ပြောကြားကြပြီး တာဝန်ရှိသူများက လူမှုထူးချွန်ဆု(တတိယဆင့်)ရရှိသူ ဦးထွန်း(ခ) ကရွှန်ကူမားအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြ၍ ဦးထွန်း(ခ)ကရွှန်ကူမားက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၁၄ ရက်က (၁၃)ရပ်ကွက် မြတ်ဒါန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ်၌ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များချီးမြှင့် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန် တက်ရောက်ချီးမြှင့်ပေး

ရန်ကုန် မတ် ၅

ရခိုင်ပြည်နယ် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ဂုဏ်ပြုစာလွှာ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန် တက်ရောက်၍ ဆုများချီးမြှင့်ပေးသည်။ (အောက်ပုံ)

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က ဆောက်လုပ်ရေးဝန်ကြီးဌာန မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်း မအီ–ကျောက်ဖြူကားလမ်းစီမံကိန်း အထူးအဖွဲ့အင်ဂျင်နီယာ ဦးကျော်သက်အား လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးလုပ်ငန်း မအီ–ကျောက်ဖြူ ကားလမ်း အထူးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်သီဟအား လည်းကောင်း၊ လက်ထောက် အင်ဂျင်နီယာ ဦးကိုကိုအောင်အား လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးလုပ်ငန်း ဝန်ဖိုက်တံတား စီမံကိန်းအထူးအဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးထွန်းနိုင်ကိုယ်စား ဦးစီးအရာရှိ ဦးမောင်ဘအား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန စစ်တွေပြည်သူ့ဆေးရုံကြီး မျက်စိအထူးကု ဆရာဝန် ဒေါက်တာ တင်အေးစိုး ကိုယ်စား ဒေါက်တာအေးအေးမူအား လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ်နှင့် ဂုဏ်ထူးစာလွှာများ အသီးသီးပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဗိုလ်မှူး ချစ်စိန်အားရည်စူး၍ ဗိုလ်မှူးကြီးဘုန်းမြင့် (ငြိမ်း)–ဒေါ်အုန်းမြင့်၊ သမီး မမြင့်သီတာဦး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ဝင် ရွှေကျီး ဒေါ်သန်းသန်းညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

Apple Cosmetic နှင့် Topsyne Medicated Cream ကံစမ်းမဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၅

Apple Cosmetic Production Co.,Ltd. ၏ တတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲနှင့် Topsyne Medicated Cream ၏ ဆဋ္ဌမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို မတ် ၂ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဗဟန်းမြို့နယ်မြေပဒေသာကျွန်းရှိ Dolphin Restaurant ၌ ကျင်းပရာ Apple Cosmetic Production Co.,Ltd. ဒါရိုက်တာ ဦးခင်ညွန့်က Apple အလှကုန် ပစ္စည်း အမယ်သစ်အဖြစ် မြန်မာအမျိုးသမီးများ ထူးခြားသော နှုတ်ခမ်းအလှပိုင်ရှင်များဖြစ်စေရန် ၂၀၀၈ ခုနှစ်အတွက် အထူးထုတ် Appleရောင်စုံနှုတ်ခမ်းနီများ၏ လျှို့ဝှက်ချက်ကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဒေါ်လီလီက Appleအလှကုန်ပစ္စည်းများကို တိုတောင်းသော အချိန်အတွင်း လက်လီလက်ကား ဖြန့်ချိရောင်းချပေးခဲ့ကြသည့် အရောင်းကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံအထက်ပိုင်းမှ ကိုယ်စားလှယ်များအား ကျေးဇူးတင်စကားနှင့် Appleအလှကုန်ပစ္စည်းများကို အစဉ်မပြတ် ဖြန့်ချိပေးသည့် အရောင်းဆိုင်များအား ပြည်ပလေ့လာရေး ခရီးစဉ်အဖြစ် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများသို့ စရိတ်ငြိမ်း ပို့ဆောင်ပေးမည့် အစီအစဉ်တို့ကို ပြောကြားသည်။

Apple Cosmetic နှင့် Topsyne Medicated Cream ကံစမ်းမဲဖွင့်ပွဲတွင် ဒါရိုက်တာဦးခင်ညွန့် ရောင်းအားအကောင်းဆုံး ဆိုင်များအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ချီးမြှင့်

ယင်းနောက် ရုပ်ရှင်အနုပညာရှင်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူတို့က Apple အလှကုန်ပစ္စည်း လက်လီ လက်ကား အရောင်းဆိုင်များ၊ ရောင်းအားအကောင်းဆုံး ဆိုင်များနှင့် နှစ်ခြိုက်စွာ ဝယ်ယူအားပေး သုံးစွဲကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ကံစမ်းမဲများကို ဖွင့်လှစ်ပေးကြသည်။

ဆက်သွယ်နိုင်

Apple Cosmetic Production Co., Ltd. မှ Apple Hair Coat Ginseng, Apple Medicated Cream,Apple မျက်နှာပေါင်းတင်ဆေးနှင့် တင်းတိပ် ပျောက်ဆေး၊ Topsyne Medicated Cream, Golden Ficial Cleanser (ရွှေမျက်နှာသစ်)၊ 7. Day အဆီချလိမ်းဆေး၊ Topsyne ခရင်ပတ်၊ မိတ်ကပ်နှင့် မိတ်ကပ်ရည်တို့ကို ထုတ်လုပ်လျက်ရှိပြီး လက်လီလက်ကားရောင်းဝယ်လိုပါက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် သံသုမာလမ်း အမှတ် (၅၉၂)ဘီ ဖုန်း– ၉၅၁–၅၇၀၁၁၂၊၅၆၆၉၂၅နှင့်မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၇ လမ်း ၃၃ x ၃၂လမ်းကြား အမှတ် C-1-1 ဖုန်း–၀၂–၈၉၆၀၉၊ ၈၉၆၂၇ တို့သို့ ဆက်သွယ်နိုင်ပြီး ဆုရရှိကြသူများ၏ စာရင်းကို ထပ်မံကြေညာမည် ဖြစ်သည်။ **(သတင်းစဉ်)**

မီးလောင်မှုများဖြစ်ပွား

မွန်ပြည်နယ် သထုံမြို့နယ်

မတ် ၃ ရက် ညနေ ၅နာရီ ၅ မိနစ်က မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ မင်းတဲစုရပ်၌ ပိုင်ရှင် မသင်းသင်းမော် (၂၈)နှစ်၏ ဖက်မိုး ဖက်ကာ တဲအိမ်တွင် ထမင်းချက်ရာမှ စတင်၍မီးလောင်ကြောင်း၊ ညနေ ၅နာရီခွဲ အချိန်တွင် သတင်းရသဖြင့် သထုံမြို့ မီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး၊ ကျိုက်ကော် အရန်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ အပေါ့စားစက်နှစ်လုံးဖြင့် မီးငြိမ်းသတ်ရာ ည ၈ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် တဲအိမ် ၄၃ လုံး၊ ပျဉ်ထောင်အိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးကာ အိမ်ထောင်စု ၅၃စုမှ အမျိုးသား ၁၁၇ဦးနှင့် အမျိုးသမီး ၁၄၆ဦး စုစုပေါင်း ၂၆၃ဦး မီးဘေးဒုက္ခရောက်ကာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ မင်းတဲစုရပ် ကြံခိုင်ရေးလမ်းရှိ ဦးဝင်းသူ (၂၀နှစ်)(ဘ)ဦးတင်ရုံ (ခရီးလွန်) နေအိမ်တွင် မတ် ၃ရက် ညနေ၅နာရီက ထမင်းချက်ရာမှ မီးလောင်မှုစတင်ဖြစ်ပွားရာ ပျဉ်ကာသွပ်မိုးအိမ် ၁၀လုံး၊ ဖက်မိုး ဖက်ကာတဲ ၄၃လုံး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ တပ်မ (၄၄) နည်းဗျူဟာမှူး ဗိုလ်မှူးကြီးမြတ်စိုးဦးစီးသည့် အင်အား ၂၀၀ ခန့်ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ၆ နာရီ၁၀ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် အမျိုးသား ၁၁၇ဦး၊ အမျိုးသမီး ၁၄၆ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ဧရာဝတီတိုင်း မြောင်းမြမြို့

မတ် ၃ရက် ည ၈နာရီ၁၅မိနစ်က ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ် (၁)ရပ်ကွက် အောင်ဆန်း ကမ်းနားလမ်း၌ ကိုအောင်ကျော်ဦး(ဘ) ဦးမြင့်လွင် (ဂိုဒေါင်စောင့်အလုပ်သမား)သည် ဆားသိုလှောင်ဂိုဒေါင်အား အမှိုက်လှဲပြီး မီးရှို့ရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ၈နာရီ ၁၈မိနစ်တွင် သတင်းအရ မီးသတ်ယာဉ် နှစ်စီး၊ ထော်လာဂျီမီးသတ်ယာဉ် ၁၀ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုကြောင့် ဂိုဒေါင်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

နေပြည်တော်တပ်ကုန်း

မတ် ၃ ရက် နံနက် ၁ နာရီခွဲက နေပြည်တော်တပ်ကုန်း ညောင်လူ အုပ်စု သပြေစမ်းကျေးရွာ၌ ဦးစိုးမြင့်၏ သုံးပင်ပတ်လည် သက်ငယ်မိုး ထရံကာ ပျဉ်ခင်းနေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ စတင်မီးလောင်ကျွမ်းကြောင်း နံနက်၈နာရီခွဲတွင် အရပ်မှပိုင်းဝန်းငြိမ်းသတ်သဖြင့် မွန်းလွဲ ၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ထရံကာ ပျဉ်ခင်း အိမ်တစ်လုံးနှင့် တဲအိမ်ရှစ်လုံး မီးလောင်ဆုံးရှုံးကာ အိမ်ထောင်စုကိုးစုမှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၉ ဦး မီးဘေးသင့်ကာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

တရားမဝင်သစ်လုံးများ တင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်

ရန်ကုန် မတ် ၅

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကင်းမတီကျေးရွာအုပ်စုအနီး ဒေသအခေါ် ကျောက်ကုတင်စခန်းတွင် မတ် ၂ရက် နံနက် ၁း၀၀ နာရီက ဖလုံဘူတာ ကျေးရွာ တိုက်ကြီးမြို့နယ်နေ ယာဉ်မောင်းအောင်ချို(၂၃နှစ်) (ဘ)ဦးသာ ထွန်းအောင်မောင်းနှင်လာသည့် တီအီး(၁၁)အမျိုးအစား ယာဉ်အမှတ် ၁က/၁၂၆၆ သည် အခြားသားသစ်လုံး ၁၁ လုံး(၂ ဒသမ ၆၉၆) တန်အားတင်ဆောင်၍ မောင်းနှင်လာစဉ် သစ်လုံးအား ချည်နှောင်ထားသည့်သံကြိုး ပြတ်တောက်ကာ ယာဉ်မှာ အရှိန်မထိန်းနိုင်၍ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်ပေါ်ပါ သစ်တင်လုပ်သားများ ဖြစ်ကြသည့် ဂေါ်ရင်ဂျီကုန်းကျေးရွာ ဖလုံရွာမအုပ်စုနေ တင်ဦး (၅၆နှစ်) (ဘ)ဦးထွန်းမှာ သစ်လုံးပိဒဏ်ရာများကြောင့် နေရာတွင်ပင် သေဆုံးခဲ့ပြီး ဖလုံဘူတာကျေးရွာနေ အောင်စိုးမိုး (၃၁နှစ်) (ဘ)ဦးတင်မြပါခြောက်ဦးမှာ ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအောင်ချိုအား ဥက္ကံရဲစခန်းမှ(ပ)သတင်းချက်အမှတ် ၅၄/၂၀၀၈ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က/၂၀၂ ဖြင့် အမှုဖွင့်ခဲ့ပြီး ယာဉ်ပေါ်ပါ သစ်လုံးများအား သစ်တောဦးစီးဌာနမှ စစ်ဆေးခဲ့ရာ တရားမဝင်သစ်များဖြစ်ကြောင်း တွေ့ရှိရသဖြင့် သစ်တောဥပဒေဖြင့် ဆက်လက်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မိသားစုများက သဃ်န်းကျွန်းမြို့နယ်(က) နှင်းဆီကုန်းရပ်ကွက် မီးဘေးသင့်အိမ် မိသားစုများအား ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက်က ယာယီကယ်ဆယ်ရေးစခန်း ဟိန္ဒူဘုရားကျောင်း၌ ကျင်းပရာ ရန်ကုန် အရှေ့ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်ချယ်ရီကျော်က မီးသင့်ခံမိသားစုများအား ဆန်နှင့်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ် (၁၂၁)

မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် သတိပေးနှိုးဆော်ချက်

နေပြည်တော်အတွင်း မော်တော်ဆိုင်ကယ် စီးနင်းသူများသည် သတ်မှတ် အရည်အသွေးမီ ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်းလျက် မေးသိုင်းကြိုးအား သေချာစွာ တပ်ဆင်စီးနင်းကြရန်၊ မော်တော်ဆိုင်ကယ်အား နှစ်ဦးထက်ပိုမို၍ စီးနင်းခြင်းမပြုကြရန်နှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် သတိပေးအပ်ပါသည်။ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ စီးနင်းပါက မော်တော် ဆိုင်ကယ်ကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူနှင့် ပိုင်ရှင်ကိုလည်း တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

NAING Group Construction Co., Ltd.

We Always Make The Best Quality!

CONDOMINIUM Pile Foundation / 24 Hours Elevator / Wind Load & Earthquake Load System

Customer

APARTMENT

10% DISCOUNT

Customer 10%Discount

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
အခြေခံကြက်တောင်ရိုက်နည်းသင်တန်း

တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သင်ကြားပေးမည်။ သင်တန်းတက်လိုသူများ စာရင်းသွင်း ဆက်သွယ်နိုင်ပြီ။ အမှတ် ၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ် ဖုန်း–၂၅၀၁၅၃၊ မြို့မကြက်တောင်ရိုက်ကွင်း(မြတ်မွန်ရတနာခန်းမ) သင်တန်းမှူး ဦးစိုးမြင့်(ငှက်ခါး)က တာဝန်ယူသင်ကြားမည်။

အားကစားလုပ်ငန်းများကော်မတီ။

Y.E.S. Since 1994 International English Language Centre

Basic Spoken English : Mar - 15, 17, 24, 29

Pre-Intermediate English : Mar - 17, 24, 29

Issues In Writing Course : Apr - 26

Structure & Written Expression: Mar - 24, 29

Reading Skills Foundation : Mar - 29

TOEFL : Mar - 17, Basic Writing : Mar - 24

IELTS, SAT, AWC, API, GFC, VEC

YOUNG LEARNERS

Summer Communicative Grammar (17-3-08)

No.199, 2nd Flr, 28th St (Upper) Pabedan Tsp ☎ 243950

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–ဇုန်(၁)၊ မြေကွက်အမှတ်–၁၄၇၊ ဧရိယာအကျယ်အဝန်း (၁•၀၇၀)ဧကရှိသော နှစ်၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံများအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ရောင်းချပိုင်ခွင့် ရှိပါကြောင်း ပြောဆိုလာသူ ဦးသိန်းလွင် ၁၂/လသန(နိုင်) ၀၁၉၀၃၄ ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးစိန်ဝင်း(စဉ်–၆၀၈၂)

B.A,H.G.P,C.B.L,D.B.L, D.M.L

ဥပဒေအကျိုးဆောင်၊

အမှတ် ၈၆/၈၈၊ အခန်း(၂၀)၊ ဗဟိုလမ်း၊

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၉၉–၂၅၇၃၆။

ပြည်လုံးချမ်းသာ ရွှေစေတီတော် ဌာပနာထည့်သွင်း ပူဇော်မည်

ရန်ကုန် မတ် ၅

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ကိုယ်ပွားတော် ပြည်လုံးချမ်းသာ ရွှေစေတီတော်မြတ် ဌာပနာ ရုပ်ပွားတော် ၆၇၂ ဆူ၊ သတ္တဌာနရုပ်ပွားတော်များ၊ ဓာတ်တော်မွေတော်များနှင့် ရွှေစင်ရွှေပြား ကျောက်သံပတ္တမြားများ ဖြည့်စွက်ထားသည့် ပြည်တော်ဝင်အိုးစသည့် အလှူတော်အပေါင်းတို့အား မတ်၂၁ရက်၊ တပေါင်းလပြည့်(သောကြာနေ့)တွင် ပူဇော်ဌာပနာမည်ဖြစ်ရာ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့ ကိုယ်တိုင်ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။ (၃၅)

ဓမ္မသုခပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းတည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မသုခ ပရိယတ္တိ စာသင်တိုက်အတွင်း ဓမ္မဘဏ္ဍာဂါရိက သုံးထပ်ကျောင်းတော်ကြီးတည်ဆောက်ရန်အတွက် ပထမအကြိမ် အလှူတော်မင်္ဂလာ လှူဒါန်းပွဲ အခမ်းအနားကို (တပေါင်း လဆန်း ၃ရက်) မတ် ၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီ တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေး၊ရပ်နီးမှ သာသနာပြုကျောင်း အလှူရှင်များ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက် ကြည်ညိုကြရန်နှင့် ပါဝင် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ပဓာနနာယက ဆရာတော်နှင့် သာသနရက္ခိတ အဖွဲ့ ဖုန်း–၀၁–၅၄၅၈၃၁၊ ဦးစံထွန်းအောင် ဖုန်း–၀၉–၅၁–၆၃၃၇၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မိုး သတိပြု

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၅

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေးမဟာသိမ်တော်ကြီး၌ ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌဒေါ်သိန်းဟန်က အဖွင့်အမှာစကားပြောကြားပြီး ပြီးခဲ့သောနှစ် နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်းနှင့် ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြသည်။

ဆုချီးမြှင့်

ထို့နောက် မြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ ပထမရရှိသော မခင်မြတ်နိုးထွန်း**(အပေါ်ပုံ)**၊ ဒုတိယရရှိသော မဖြူဖြူခင်၊ ခြောက်ဘာသာဂုဏ်ထူးရ မရည်မွန်သန့်နှင့် ငါးသာဘာ၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသားများဆုပေးပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့် စိမ်ထူးချွန်(ပထမဆင့်)ရကြသော စက်မှု(၁) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့်စိမ်ထူးချွန်(ဒုတိယဆင့်)၊ (တတိယဆင့်)ရ ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)ရ တက္ကသိုလ်ကြူကြူသင်းတို့အား ဂုဏ်ပြုပွဲ၊ စာပေဗိမာန်စာမူပြိုင်ပွဲ၌ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ မောင်ခြိမ့်၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် မယ်ဒလင်ပထမဆုရ နိုနိုရဲမောင်၊ ဒုံမင်းပထမဆုရ မခင်မြန်မာရဲမောင်တို့အား ဆုများချီးမြှင့်ပေးအပ်သည်။ **(က–ပ)**

ကြားတောရ မင်္ဂလာဈေးဓမ္မာရုံ ဝိပဿနာ အထူးတရားပွဲ

ရန်ကုန် မတ် ၅

မန္တလေးမြို့ မိဂဒါဝုန် ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာ ရိပ်သာ ဆရာတော် ဦးသုမင်္ဂလ အရှင်သူမြတ်က နိဗ္ဗာန်လမ်းပြ မြေပုံပေး သစ္စာတရားတော်များကို ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့မုခ်ကြေးသွန်း ဘုရားကြီး အနီး ကြားတောရ လမ်းထိပ် မင်္ဂလာဈေးဓမ္မာရုံ တော်မြတ်ကြီးတွင် မတ် ၇ရက်မှ ၁၁ရက်အထိ ညစဉ်၇နာရီမှစ၍ ငါးညတိုင်တိုင် တရားတော်များ ဟောဖော် ညွှန်ကြားပြသမည်ဖြစ်ရာ တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ **(က–ပ)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၅

ဗိုလ်မှူးအောင်ဝင်း(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးချုပ်ဘိုကြည်(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ(ငြိမ်း)၊ ဦးမောင်ကို(ပဆင)တို့နှင့်အတူ မြစ်ကြီးနားမြို့ Northen Star ဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၂၄ရက်က ဂေါက်သီးရိုက်ကစားကြရာ Reygrande ဘောလုံးကို Apaeehe သံတုတ်နံပါတ်(၆)ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ်(၆) (Par 3)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော် က လေး မန္တလေး လမ်း နေ ဦးဝင်းမြင့်-ဒေါက်တာ ယဉ်ယဉ်ကြည်(တွဲဖက်ပါမောက္ခ-ငြိမ်း)၊ သားမောင်ဝေဖြိုးမြင့်၊ မောင်နေဦး မိသားစုက ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ် သုံးသိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)အရှင်မြတ်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ပြင်ဦးလွင်မြို့နယ်၌ သာသနာရေးဆိုင်ရာ လျှောက်ထား

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀

ပြင်ဦးလွင်မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်များ၏ သာသနာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ၂၉ရက် မွန်းလွဲ ၁နာရီက ပြင်ဦးလွင်မြို့ဥပဏ္ဏကအဖွဲ့ သံဃဒါနဆွမ်းလောင်းအသင်းကြီးဓမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ဗဟိုသံဃာ့ဝန်ဆောင်နှင့်အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ တိုင်း သံဃာ့အကျိုးဆောင် အဖွဲ့ဝင် ဆရာတော်များ၊ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်သီထွန်းနှင့် အဖွဲ့(၁) ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးသက်လွင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ခရိုင်အတွင်းရေးမှူး ဦးအောင်သီထွန်းက သာသနာရေးကိစ္စများကို လျှောက်ထားသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ခရိုင် ဒုတိယရဲမှူးကြီး သက်လွင်တို့က ဗုဒ္ဓသာသနာတော် ကြီး အဓွန့်ရှည်စေရေးနှင့် သာသနာတော် ပြန့်ပွားရေးအတွက် ဆရာ၊ ဒကာ ပူးပေါင်းဆောင်ရွက်သွားလျှင် အောင်မြင်သွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။ ထို့နောက် မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ရတနာမာန်အောင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကဝိန္ဒက သာသနာတော်ကိစ္စများကို ရှင်းလင်း၍ နိဂုံးချုပ်မြွက်ကြားတော်မူကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုပြီး ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (၀၈၈)

မြင်းခြံမြို့မဈေး မီးသတ်ဆေးဘူး အသုံးပြုမှုသရုပ်ပြ

မြင်းခြံ ဖေဖော်ဝါရီ ၁၉

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ဖေဖော်ဝါရီ ၁၀ရက်က မီးသတ်ဆေးဘူးအသုံးပြုမှု လက်တွေ့သရုပ်ပြပွဲနှင့် မီးဘေးကြိုတင် ဇာတ်တိုက်လေ့ကျင့်မှုများကို ပြုလုပ်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးတင့်ဝေနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်တင်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ဒုတိယဦးစီးမှူး (ဈေး)ဦးမျိုးတင့် ဈေးခေါင်း ဦးယဉ်ထွေး၊ ဈေးသူဈေးသားများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ အင်အား၅၀၀ကျော် တက်ရောက်ကြသည်။(အောက်ပုံ) (မြို့နယ်စည်ပင်)

ရှင်းလင်းတင်ပြ

ဇန်နဝါရီ ၂၀ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးသည့် ကျေးလက်ရေပေးရေး လုပ်ငန်းကို စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးအောင်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ဖျာပုံ သာစည်ဘုရားကြီးဝင်းတွင် ကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၂၅

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာစုပေါင်း ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်နေ့လယ်က ဖျာပုံမြို့ သာစည်ဘုရားကြီးဝင်းအတွင်း၌ ကျင်းပသည်။

တက်ရောက်

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲမှူးစံသိန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီထွန်း၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း အမှုဆောင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြိုင်ပွဲဝင် မိသားစုများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ထမနဲဒယ် ၃၉ ဒယ်အနက် ဖျာပုံမြို့နယ် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ ပါဝင်ယှဉ်ပြိုင်ဆင်နွှဲကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဇီဝကလမ်း(ကျန်အပိုင်း)ပေ၆၀၀အားစည်ပင်၊ ပြည်သူ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၁ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်နိုင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လွယ်မောက်တောင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ကောလင်း ဖေဖော်ဝါရီ ၂၅

ကောလင်းမြို့နယ် ရေကန်သာအုပ်စု လွယ်မောက်တောင် ကမ္ဘာ့ရန်ပြေမာန်ပြေ ပြည်လုံးအေးကျောက်ထီးစေတီတော်၏ (၆၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တပေါင်းလပြည့်ကျော်၇ရက်မှ ၁၁ရက်အထိ (မတ်လ ၂၈ရက်မှ ဧပြီ၁ရက်အထိ)ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လောင်းလှူမည်

အဆိုပါ ပွဲတော်ရက် အတွင်း အမြို့မြို့ အနယ်နယ်မှ လာရောက်ကြသော ဘုရားဖူးပရိသတ်တို့အား သက်သတ်လွတ်အာဟာရဒါန ငါးရက်တိုင်တိုင်ကျွေးမွေးပြီး မန္တလေးမြို့ ရာစုသစ်ခွန်ကြယ်ဖြူဇာတ်သဘင်၊ ဗီဒီယိုနှင့် အခြား ပျော်ပွဲရွှင်ပွဲများဖြင့် ဖြေဖျော်ကြပြီး တပေါင်းလပြည့်ကျော် ၁၁ရက်နံနက် ၉နာရီတွင် ပင့်သံဃာအပါး ၅၀၀ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

(၀၃၂)

စာအုပ်လှူဒါန်းပွဲကျင်းပ

တန့်ဆည် ဖေဖော်ဝါရီ ၁၀

စာကြည့်တိုက် နှစ်ပတ်လည် အခမ်းအနားနှင့် စာအုပ်အလှူရှင်များအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲကို တန့်ဆည်မြို့ ပေါ်ဦးရပ်ကွက် စာပေသိုက်စာကြည့်တိုက်တွင် ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးမြသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုထွန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြီး စာအုပ်အလှူရှင်များကို ဂုဏ်ပြုလွှာများပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ကော့သောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန အခွန်ပညာပေး ဆွေးနွေးပွဲ ကျင်းပ

ကော့သောင်း ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ကော့သောင်းခရိုင်၊ မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ရက် မွန်းလွဲ၂နာရီက မဇ္ဈူသကခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးအောင်မြင့်ထွန်းနှင့် ဌာနဆိုင်ရာ ဦးစီးအရာရှိများ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးအောင်မြင့်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်အခွန်ဦးစီးမှူး ဦးခင်မောင်ညွန့်က အခွန်ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးမှူး ဦးနေဝင်းက ဝင်ငွေခွန်ကိစ္စရပ်များကို လည်းကောင်း၊ တွဲဖက်(၁) အခွန်ဦးစီးမှူး ဦးဝင်းကျော်မိုးက အမြတ်ခွန်ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊တွဲဖက်(၂)အခွန်ဦးစီးမှူး ဦးကျင်သိန်းက ကုန်သွယ်လုပ်ငန်းအခွန်ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး လုပ်ငန်းရှင်၊ အခွန်ထမ်းပြည်သူများ သိလိုချက်မေးမြန်းမှုကို ခရိုင်အခွန်ဦးစီးမှူး ဦးခင်မောင်ညွန့်က ဖြေကြားရှင်းလင်းကြောင်း သိရသည်။

(၀၄၁)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာဖတ်ခန်းမ၌ ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ ခရိုင်ပညာရေးမှူးဦးလှထူးက ပထမဆုရ မောင်စည်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (၀၉၉)

သနပ်ပင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး

ပဲခူး ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးပြီး ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း ပညာပေး ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်က သနပ်ပင် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပဲခူးတိုင်းယာဉ် ထိန်းတာဝန်ခံ ဒုတိယရဲမှူးသိန်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အထွေထွေ သိမှတ်ဖွယ်ရာများ အကြောင်းကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ခင်မောင်လွင်က မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများမှ သိမှတ်ဖွယ်ရာများ အကြောင်းကိုလည်းကောင်း ဟောပြောသည်။ (၀၆၈)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ်မျိုးမျိုးသန့် ဦးဆောင်သော တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၉ရက်က ကမ္ဘောဇရှမ်းကျောင်းကြီးရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ စာသင်သားကိုရင်သာမဏေများနှင့် ကျောင်းသားကျောင်းသူ ၁၈၅ဦးတို့အား တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်း ကုသပေးစဉ်။ (က-ပ)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ရက်က ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ချောင်းချောက်ကျေးရွာ ရေပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (မြို့နယ်စည်ပင်)

ဟသ်ာတ သုံးပင်ကွင်းအမက၅ ပညာရည်ချွန်ဆုချီးမြှင့်

ဟသ်ာတ ဖေဖော်ဝါရီ ၁၄

ဟသ်ာတမြို့ သုံးပင်ကွင်း အခြေခံပညာမူလတန်းကျောင်း အမှတ် (၁၁)၏ ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ၂ရက်က အဆိုပါကျောင်းတွင်ကျင်းပရာ ခရိုင်နှင့်မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်အုန်းနွဲ့က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဦးလှငွေးတို့က ကျောင်းတိုးတက်ရေးလုပ်ငန်းနှင့် ကျေးဇူးတင်စကား ပြောကြားကြပြီး ကျောင်းသား ကျောင်းသူလေးများက အကခုနစ်မျိုးဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ရရှိ

အဆိုပါ ကျောင်းသည် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းအမျိုးသမီးရေးရာနှင့် မိခင်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးကျင်းပသော သန့်ရှင်းသာယာလှပရေးနှင့်ကျန်းမာရေးညီညွတ်သော ကျောင်းရွေးချယ်ရေးပြိုင်ပွဲတွင် မြို့နယ်အဆင့် ပထမဆုရရှိခဲ့သော ကျောင်းဖြစ်သည်။

ဆုချီးမြှင့်

၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၄၅ဦးတို့အား ဆုချီးမြှင့် ပေးအပ်ရာ သုံးပင်ကွင်း အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက စတုတ္ထတန်း မြို့နယ်ပထမဆု၊ မြို့နယ်သင်္ချာပထမဆု၊ စာပေဘာသာ မြို့နယ်တတိယဆုနှင့်စာရိတ္တထူးချွန် ပထမဆုရ မောင်မင်းတင်စိုးအား ဆုချီးမြှင့်သည်။**(အပေါ်ပုံ)**

(၁၄၆)

အမြို့မြို့ အနယ်နယ် သတင်းများ

လောကမာရဇိန် စေတီတော်မြတ်ကြီး ရွှေသင်္ကန်းအတွက် လှူဒါန်းနိုင်

မြောင်းမြ ဖေဖော်ဝါရီ ၂၉

ဧရာဝတီတိုင်း မြောင်းမြမြို့တစ်ဖက်ကမ်း ကွယ်လွယ်ကျေးရွာ မြစန္ဒာရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကမာရဇိန်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရန်အတွက် အလှူငွေများလိုအပ်လျက်ရှိသည်။ လှူဒါန်းလိုပါက ကွယ်လွယ်ကျေးရွာ မြစန္ဒာရပ်ကွက် ဘုရားကြီးကုန်း သဒ္ဓမ္မဝံသကျောင်းတိုက်နှင့် ဦးချစ်ဟန် ဖုန်း-၀၄၂-၇၀၀၆၉ ဦးတင်ထွန်း ဖုန်း-၀၄၂-၇၀၃၈၃နှင့် ဦးအောင်ကျော် ဖုန်း-၀၄၂-၇၀၀၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြက်မွေးမြူရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်း မော်ဘီ၌ဖွင့်

မော်ဘီ ဖေဖော်ဝါရီ ၂၅

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွား သင်တန်းကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၁၀နာရီက မော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်တင်တို့က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် သင်တန်းဆရာလေးဦးတို့က ကြက်မွေးမြူရေး အခြေခံနည်းစနစ်များနှင့် ကြက်ငှက်တုပ်ကွေး ဇီဝလုံခြုံမှုနှင့် ပိုးသန့်စင်မှုမြှင့်တင်ဆောင်ရွက်ရေး နည်းစနစ်များကို သင်ကြားပို့ချ၍ သင်တန်းကာလမှာ သုံးရက်ကြာမြင့်ပြီး သင်တန်းသား၄၀ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့တွင်းလမ်းများ ကတ္တရာခင်း

ကျောက်တံခါး ဖေဖော်ဝါရီ ၁၅

ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်တွင်းလမ်းများအားလုံး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာနှစ်အတွင်း လျာထားသော အရှည်၄၄၆ပေရှိ အောင်ဇေယျလမ်းအား ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၄ရက်က ဆောင်ရွက်ရာ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်း ကြီးကြပ် ဆောင်ရွက်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ

နတ်တလင်းမြို့၌ကျင်းပ

နတ်တလင်း မတ် ၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီက မြို့နယ်ခန်းမဆောင်၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေရီထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး**(အောက်ပုံ)** ပြည်ထောင်စုစိတ်ဓာတ် ကိန်းဝပ်ရှင်သန်ရေး ဟောပြောဆွေးနွေးသည်။

ကြည့်ရှု

ဆက်လက်၍ အခမ်းအနားတွင် ပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံများကို တက်ရောက်လာကြသူများက လှည့်လည်ကြည့်ရှုကြသည်။

ချီးမြှင့်

ထို့နောက် ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးသူများအား ဂုဏ်ပြု လက်ဆောင် ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သဖန်းအိုင်ကျေးရွာ၌ စက်ရေတွင်းဖွင့်လှစ်

ကလေး ဖေဖော်ဝါရီ ၂၂

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းခွင့်ပြုရန်ပုံငွေကျပ်၁၈သိန်းဖြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်ပေးခဲ့သော သဖန်းအိုင်ကျေးရွာ နှစ်လက်မစက်ရေတွင်းတူးဖော်ခြင်း၊ စက်တပ်ဆင်ခြင်း၊ ရေဂါလန် ၆၀၀ဆံ့ အုတ်ရေကန်ပြုလုပ်ခြင်းနှင့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ရက်က ကျေးရွာစက်ရေတွင်းလုပ်ငန်း မုခ်ဦး၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

တက်ရောက်

အဆိုပါစက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ကလေး) ဒုတိယဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးစိုးစိုးဇော်နှင့် တပ်ရင်းတပ်ဖွဲ့မှအရာရှိများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း အင်အား ၇၅၀ ခန့် တက်ရောက်ကြသည်။

ဖွင့်လှစ်

မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုလတ်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးဟိန်း၊ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင် သန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၀၃၆)**

တပ်မတော်မှအသုံးမလိုတော့သည့်ပစ္စည်းများအား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

ယသရ (၁) မင်္ဂလာဒုံ
၁၄-၃-၂၀၀၈ရက်မှ ၁၆-၃-၂၀၀၈ရက်အထိ

စဉ်	ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
(က)	ဘလမ(၁)	မြိုင်ကလေး	အိတ်ချုပ်စက်။
(ခ)	ဆအတ (၄)	တိုက်ကြီး	မြေထိုးစက်၊ မြေသယ်ယာဉ်။
(ဂ)	ဆလအခွဲ (၉၈၁)	မင်္ဂလာဒုံ	မော်တာ၊ ယာဉ်။
(ဃ)	ခယလ	အင်းတကော်	မြေထိုးစက်၊မြေတူးစက်။
(င)	အစရ (၉၀၇)	ပုသိမ်	ရေစုပ်စက်။
(စ)	ဆအတ (၁)	သန်လျင်	ယာဉ်။
(ဆ)	ဆလအခွဲ (၉၆၀)	မင်္ဂလာဒုံ	မီးစက်၊ ရေစက်။
(ဇ)	ထပရ (၃၂၃)	မင်္ဂလာဒုံ	ထုပ်ပိုးခွံ။
(ဈ)	ထပရ (၅၂၅)	မော်လမြိုင်	ထုပ်ပိုးခွံ။
(ည)	ထပရ (၉၃၅)	ဘားအံ	ထုပ်ပိုးခွံ။
(ဋ)	ယသရ (၁)	မင်္ဂလာဒုံ	စက်ဘီး၊ ဆိုင်ကယ်၊ ယာဉ်။
(ဌ)	စနရ (၁)	အင်းတိုင်	ယာဉ်အပိုပစ္စည်း၊ တာယာ၊ ကျွတ်၊ ဘက်ထရီ၊ ရုံးသုံး၊ စက်ကိရိယာ။
(ဍ)	တပ်မတော်ဖိနပ်စက်ရုံ	အင်းတိုင်	သားရေအတိုအစ၊ ထုပ်ပိုးပစ္စည်း၊ စက်အရန်ပစ္စည်း။
(ဎ)	တပ်မတော်ဘောလုံးစက်ရုံ	မှော်ဘီ	လျှပ်စစ်ပစ္စည်း၊ စက်အရန်ပစ္စည်း။
(ဏ)	တပ်မတော်အထည်ချုပ်စက်ရုံ	သမိုင်း	စက်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း။
(တ)	တပ်မတော်မိုးရေကာဖျင်စက်ရုံ	မရမ်းကုန်း	ထုပ်ပိုးပစ္စည်း။
(ထ)	တပ်မတော်သတ္တုပစ္စည်းစက်ရုံ	အုတ်ကျင်း	စတီး၊ သံပြား၊ ကော်စေ့ဖြတ်စ။
(ဒ)	မြန်မာစီးပွားရေးကော်ပိုရေးရှင်း ရွာမ (၁)အမှတ်(၃)သံမဏိစက်ရုံ		တာယာ၊ဘက်ထရီ၊ ပလတ်စတစ်ပုံးခွံ။

ပယန (မန္တလေး)
၁၇-၃-၂၀၀၈ရက်မှ ၁၉-၃-၂၀၀၈ ရက်အထိ

စဉ်	ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
(က)	တအယ	ပြင်ဦးလွင်	မြေထိုးစက်။
(ခ)	ယသရ (၂)	မြစ်ငယ်	မြေကော်တင်စက်။
(ဂ)	ဆလအခွဲ (၉၅၁)	မန္တလေး	ဖွဲထွန်စက်။
(ဃ)	ဆလအခွဲ(၉၅၉)	လားရှိုး	မီးစက်၊ ရေစက်။
(င)	ရထပ (၁)	မိတ္ထီလာ	ထုပ်ပိုးခွံ။
(စ)	ထပရ (၁၂၁)	မန္တလေး	ထုပ်ပိုးခွံ။
(ဆ)	ထပရ (၂၂၂)	ရွှေညောင်	ထုပ်ပိုးခွံ။
(ဇ)	ထပရ (၇၂၇)	မြစ်ကြီးနား	ထုပ်ပိုးခွံ။
(ဈ)	ထပရ (၉၂၉)	မုံရွာ	ထုပ်ပိုးခွံ။
(ည)	ထပရ (၉၃၁)	နမ့်စန်	ထုပ်ပိုးခွံ။
(ဋ)	ထပရ (၉၃၂)	ကျိုင်းတုံ	ထုပ်ပိုးခွံ။
(ဌ)	ပယန (မန္တလေး)	မန္တလေး	စက်ဘီး၊ ဆိုင်ကယ်၊ ယာဉ်။
(ဍ)	ပပန (မန္တလေး)	မန္တလေး	တာယာ၊ ကျွတ်၊ ဘက်ထရီ၊ ရုံးသုံးစက်ကိရိယာ။
(ဎ)	တပ်မတော်သားရေစက်ရုံ	မန္တလေး	ဂရန်းအနားလှီးစ၊ အပါးထိုးစ။
(ဏ)	တပ်မတော်ချည်ထည်စက်ရုံ	မိတ္ထီလာ	စက်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း။
(တ)	မြန်မာစီးပွားရေးကော်ပိုရေးရှင်း		
	(၁) ဂေါတန်လုပ်ငန်း	မန္တလေး(ထုံးဘို)	တာယာ၊ ဘက်ထရီ၊ ပုံးခွံ။
	(၂) သကြားစက်ရုံ	ကန့်ဘလူ	ဘက်ထရီမျိုးစုံ (၄၅/၄၆)ပုံးခွံ။

ပစ္စည်းများအား ၈-၃-၂၀၀၈ရက်မှ ၁၂-၃-၂၀၀၈ရက်အထိ ရုံးချိန်အတွင်း သွားရောက် ကြည့်ရှုနိုင်ပါသည်။

လက်ထပ်ပြီးစီးခြင်း

ဦးမြတ်ထွန်း-ဒေါ်ချစ်မေတို့၏သား ကိုခင်မောင်ထွန်းနှင့် (ဦးညွန့်မောင်-ဒေါ်ငွေတီ)၊ ဒေါ်မြင့်မြင့်ကြည်တို့၏သမီး မတင်မိုးမိုးထွန်း B.A(English) တို့သည် ၂၉-၂-၂၀၀၈ရက်တွင် တောင်ကြီးမြို့ တရားရုံးချုပ်၌ နှစ်ဖက်သောမိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ကိုခင်မောင်ထွန်း-မတင်မိုးမိုးထွန်း။

အမည်ပြောင်း

ရေဝတီတိုင်း မြောင်းမြ အထက (၆) ပဉ္စမတန်း(A)မှ မောင်ဖုန်းမြင့်အောင်အား ယနေ့မှစ၍ မောင်လွင်မိုးဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်လွင်မိုးဦး။

အမည်ပြောင်း

တောင်ကြီးမြို့ အလက(၄) တတိယတန်း(ခ)မှ မောင်စိုင်းကျော်ဇောလင်းအား ယနေ့မှစ၍ မောင်စိုင်းကျော်ဇင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုင်းကျော်ဇင်လင်း။

မွေးနေ့ဆုတောင်း

ကိုကိုဦးရန်ကြီးအောင် (A.G.T.I, B.E (Mining), D.C.Sc, COSH (Project Manager, Ban Chon Corpn & Trdg Pte Ltd., S'Pore, Director, Great Apex Engineering Pte Ltd., S'pore) ၏ (၄၇)နှစ်မြောက် မွေးနေ့ရက်မြတ် ၁-၃-၂၀၀၈ ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော မိသားစုနှင့်အတူ အောင်မြင်သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး- ဒေါ်စမ်းစမ်းအေး(စမ်းကလေးစတိုး) မိုးကောင်းမြို့။ ချစ်သားကြီး- မောင်ဆက်နိုင်အောင် Grade-8 (A) အထက(၁)၊ ချစ်သားငယ်- မောင်ညီလွင်အောင် Grade-6(D) အထက(၁)၊ ချစ်တူမ- မနေရည်နွေး Grade-8 (A)အထက(၁)။

မီးစက်ရောင်းမည်

လက်ရှိအသုံးပြုနေသော
30 KW 2Cအင်ဂျင်
Sound Proof (၄၅)သိန်း
ဖုန်း- ၀၉-၈၀-၂၀၀၇၉၊
၀၉-၅၁-၂၂၉၉၀။

ဦးစန်း-ဒေါ်တင်ရီ

မိန်းဖြူး

ပန်းကန်၊ဓာတ်ဘူး၊စတီးလ်၊ကြွေရည်သုတ်၊
ဖန်ထည်ပစ္စည်းရောင်းဝယ်ရေး
ယခင် ရတနာပုံဈေး၊ မန္တလေးမှ
အမှတ်(၁၈၃/၄) ၈၀x၈၁လမ်းနှင့်
၃၆x၃၇လမ်းကြားသို့ ပြောင်းရွှေ့ ဖွင့်လှစ်ထားပါသည်။
မိတ်ဟောင်း၊မိတ်သစ်များ ဆက်သွယ်မှာယူနိုင်ပါသည်။
ဖုန်း- ၀၂-၆၈၂၅၃၊ ၀၉-၂၀-၁၆၀၅၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက်မှတ်တမ်းစာအုပ်အမှတ်-ရန် ၂၀၄၉နှင့်တတိယတန်း ရေယာဉ်အုပ်လက်မှတ် အမှတ် ၁၂/၉၄ (၂၅-၁၂-၉၄)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဦးအေးထွန်း၊ ဖုန်း-၀၉-၉၉-၇၃၀၉၃။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၁၄၅၈၁ Honda wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးစအောင်ကျော်ဦး မှတ်ပုံတင်အမှတ် ၁၄/ပသရ(နိုင်)၁၂၃၅၀၅က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)။**

ဦးထင်ဇော် [ညွှန်ကြားရေးမှူး(ငြိမ်း)တရားရုံးချုပ်]၏
ပြစ်မှုလက်တွေ့အသုံးချမှတ်စုများအမှတ်(၆)
ဖြန့်ချိရေး ထွက်ပြီ
"ဖိုး၀"ဥပဒေစာပေ၊ ၉/၁၁၊ အခန်း(၃)၊
၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၇၁၁၈၂၄။

01-500544, 095179721, 095180284, 095104140

ယနေ့
မီးဘေးကြိုတင်
ကာကွယ်ရေးသည်
မနက်ဖြန်
မီးဘေးလုံခြုံရေး
ဖြစ်သည်

မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဗဟိုဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် တားဆီးရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက်က မီးသတ်ယာဉ်များဖြင့် သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

စုပေါင်းကန်တော့

မော်လမြိုင် အထက(၃) ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ရန်ကုန်မြို့ ကရဝိက်ခန်းမ၌ကျင်းပရာ အပူဇော်ခံဆရာမကြီးများအား ကျောင်းသူဟောင်းများ စုပေါင်းကန်တော့ကြစဉ်။ (က-ပ)

လှူဒါန်း

ဆရာတော် ဦးရေဝတ (တိုက်သစ်)အား အမှူးထား၍ ဖျာပုံမြို့နယ် ကျောက်ရဲရွာနေ ဦးမြရှိန်နှင့် ညီ၊ ညီမနှင့် တူ၊ တူမများက ညောင်တုန်းမြို့နယ် ဘားလင်း ဇီးဖြူကုန်းရွာ ရတနာသီရိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမြို့မြို့
အနယ်နယ်
သတင်းများ

သုဝဏ္ဏသိင်္ဂီ ဦးဥတ္တမသာရ အထူးတရား စခန်းပွဲများ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း သုဝဏ္ဏမြို့ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ပဓာနနာယကဘဒ္ဒန္တ ကစ္စာယန(မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ တပည့်ရင်း သုဝဏ္ဏသိင်္ဂီ ဦးဥတ္တမသာရ အရှင်သူမြတ်သည် တပေါင်းလဆန်း ၁ရက်မှ ၇ရက်အထိ ဘဝသစ် ဘိုကလေးမြို့၌လည်းကောင်း၊ တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၂ ရက်အထိ ကြာဖြူကန်ရွာ ကျိုက်ထိုမြို့၌လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၄ ရက်မှ ၁၀ ရက်အထိ သရဲသမိန်ရွာ စစ်တောင်းမြို့၌ လည်းကောင်း၊ တန်ခူးလပြည့်ကျော် ၄ ရက်မှ ၁၀ ရက်အထိ ရေကျော်ကျေးရွာ လပွတ္တာမြို့၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မကွေးမြို့ အောင်မေတ္တာလမ်းဆုံအဝိုင်းတွင် စည်ပင်သာယာရေးအဖွဲ့မှမြေယာရှုခင်း အလှပြုလုပ်ထားမှုကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နုတို့ ကြီးကြပ်ဆောင်ရွက်ရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးမြတ်သူက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီး

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၏ ဒုတိယနေ့အစီအစဉ်များကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးတွင် နိဂုံးချုပ် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

စင်စစ် အရှိတရားဖြင့် ဒီမိုကရေစီရရှိရေးကို ကြိုးစားသင့်လှသည်။ အသက် ၁၈ နှစ် ပြည့်သူတိုင်း မဲပေးခွင့်ရှိသည်။ မဲပေးခွင့်ရှိပါလျက်နှင့် မဲသွားမပေးလျှင် နိုင်ငံသားတစ်ဦး၏ အခွင့်အရေး ဆုံးရှုံး ပေတော့မည်။ မဲတော့ပေးပါရဲ့ ထောက်ခံမဲ မပေးဘဲနှင့် ကန့်ကွက်မဲ ပေးလိုက်လျှင် ဘာဖြစ်သွားမည်နည်း။ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာထားရာ မေလတွင် အခြေခံဥပဒေ အတည်မပြုနိုင်ပါက ရွေးကောက်ပွဲလည်း အချိန်မီ ကျင်းပနိုင်မည်မဟုတ်။ သို့ဆိုလျှင် ဒီမိုကရေစီသည်လည်း ရဖို့ဝေးသထက် ဝေးပေဦးတော့မည်။

မဟာသမွန်၏ ဒီမိုကရေစီလိုချင်လျှင် ဆောင်းပါး (စာ-၃) တွင် ဖတ်ရှုနိုင်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ (ကုန်းချောသွေးထိုးသူ) များ မယုံလေနဲ့ သတိထား

6-3 (20) 1 3/6/08, 1:52 AM